# ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်

## ကလေးပြည်နယ်တရားလွှတ်တော်



**စမ္မာ ဟာဝေရက္ခတိ ဓမ္မစာရီ**

၂၀၂၀ ပြည့်နှစ်၊ နှစ်စဉ်အစီအရင်ခံစာ

# မာတိကာ


**ပြည်နယ်တရားသူကြီးချုပ်၏ဥယျောဇဉ်** ၁

**ရည်မှန်းချက်** ၃

**လုပ်ငန်းတာဝန်များ** ၃

**တရားရုံး၏တန်ဖိုးများ** ၃

**တရားရုံးနှစ်စဉ် အစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်** ၃

**တရားစီရင်ရေးဆိုင်ရာအခြေခံမူများ** ၄

**တရားရုံးဖွဲ့စည်းပုံ** ၅

**ရသုံးမှန်းခြေငွေစာရင်းများနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု** ၁၇

**တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများ** ၁၇

- မှုခင်းများစစ်ဆေးစီရင်ခြင်း ၁၇
- ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း ၁၇
- ၂၀၂၀ ပြည့်နှစ် အမှုပြီးပြတ်နှုန်း ၂၁
- ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်း ၂၂
- အယူခံတက်ရောက်မှုနှုန်း ၂၇
- မှုခင်းပမာဏနှင့်တရားသူကြီးများ၏ဆောင်ရွက်နိုင်မှု ၂၉
- အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက် ခွဲခြားဖော်ပြခြင်း ၃၀
- နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်တရားရုံးများ၏ဆောင်ရွက်ချက်များ ၃၂

**အခြားကြိုးပမ်းဆောင်ရွက်မှုများ**

- ရုံးခွန်နှင့်ဒဏ်ငွေကောက်ခံရရှိမှု ၄၉
- လူ့စွမ်းအားအရင်းအမြစ် ၅၁
- တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ခိုင်မာရေးအတွက်အဆင့်ဆင့်ကြိုးကြပ်ခြင်း ၅၃

လေ့ကျင့်သင်ကြားပေးမှုနှင့်ဖွံ့ဖြိုးတိုးတက်မှု ၅၄
အများပြည်သူအတွက် တရားရုံးများ လက်လှမ်းမီရေးနှင့် အသိအမြင် ၅၅
မြှင့်တင်ရေး ဆောင်ရွက်ခြင်း
ဥပဒေအသစ်များနှင့် ပြင်ဆင်သည့်ဥပဒေရေးဆွဲဆောင်ရွက်ခြင်း ၅၅
ပြစ်ဒဏ်ကျခံရသူများ၊ အချုပ်ခံနေရသူများ၏ ဥပဒေဆိုင်ရာ ၅၆
အခွင့်အရေးများရရှိရေးအတွက်ဆောင်ရွက်ခြင်း

**တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း ( ၂၀၁၈ – ၂၀၂၂ ) ခုနှစ်** ၅၉

တတိယနှစ်မဟာဗျူဟာ လုပ်ငန်းအစီအစဉ် ( ၂၀၁၉ ) ခုနှစ်
အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေနှင့် ရလဒ်များ

# ဥယျောဇဉ်

ကယားပြည်နယ်တရားလွှတ်တော်အနေဖြင့် တရားစီရင်ရေး၊ စီမံထောက်ပံ့ကိစ္စများ၊ လေ့ကျင့်ရေးစသည်ဖြင့် လုပ်ကိုင်ဆောင်ရွက်မှုများကို တာဝန်ယူမှု၊ တာဝန်ခံမှုများအရ ပွင့်လင်းမြင်သာစွာဖြင့် နှစ်စဉ်အစီရင်ခံစာထုတ်ပြန်လေ့ရှိရာ ၂၀၂၀ ပြည့်နှစ်အတွင်း ကယားပြည်နယ်တရားလွှတ်တော်၏ နှစ်စဉ်အစီရင်ခံစာကို ပြည်နယ်တရားရေးမိသားစုများမှ ကြိုးစားအစီရင်ခံကြကြောင်း တွေ့ရပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်ထားသော တရားစီရင်ရေးမဟာဗျူဟာရည်မှန်းချက်များကို ပြည့်မီစေရန်အတွက် အကောင်းဆုံးလုပ်ဆောင်ထားနိုင်ကြကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ အမှုစစ်ဆေးစီရင်မှုအပိုင်း၊ စီမံခန့်ခွဲမှုအပိုင်း၊ လေ့ကျင့်ရေးအပိုင်း၊ စစ်ဆေးရေးကဏ္ဍ စသည်ဖြင့် စုပေါင်းကြိုးစားဆောင်ရွက်ခြင်း၏ အကျိုးရလာဘ်များကို အစီရင်ခံစာ၌ တွေ့ရမည်ဖြစ်ပါသည်။ အစီရင်ခံသည့်နှစ်အတွင်း တရားရေးဝန်ထမ်း၊ တရားသူကြီး၊ ရုံးဝန်ထမ်းများ၊ ရှေ့နေများစသည်ဖြင့် မည်သူ့ကိုမျှ အရေးယူစုံစမ်းရခြင်းမျိုး မရှိသလို တိုင်စာပစ်စာမျှပင်မရှိကြောင်း တွေ့ရမည်ဖြစ်ပါသည်။ လုပ်ဆောင်မှုတိုင်းကို အားလုံးကျေနပ်သည်ဟု မဆိုလိုပါ။ မှန်ကန်မျှတစွာ ဆောင်ရွက်ကြကြောင်း ပြောလိုရင်းဖြစ်ပါသည်။

အမှီအခိုကင်းပြီး လွတ်လပ်၍ သမာသမတ်ကျသော တရားစီရင်ရေးဖြစ်ရန်မှာ တရားရုံးများအနေဖြင့် အမှီအခိုကင်းမှု၊ သမာသမတ်ကျမှု၊ ဘဏ္ဍာရေးအရင်းအမြစ် အလုံအလောက်ရှိမှု၊ အခြေခံလွတ်လပ်ခွင့်များရှိမှု၊ တရားရေးအရာရှိနှင့် အမှုထမ်းများခန့်အပ်ခြင်း၊ ရာထူးသက်တမ်းနှင့်ရာထူးနှင့်ပတ်သက်၍ ခံစားခွင့်၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုများရှိရန်လိုအပ်သည်ဟု သဘောရပါသည်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမပေါ်မီက ပြည်နယ်တရားရုံးအဆင့်သာ သတ်မှတ်ခဲ့သော်လည်း ယခုအခါ ပြည်နယ်တရားလွှတ်တော်အဆင့်သတ်မှတ်ထားခြင်းဖြစ်ရာပြည်နယ်တရားလွှတ်တော်၏ဂုဏ်၊အင်္ဂါ၊အဆင့်အတန်း နှင့် လျော်ညီမှုရှိစေရေးများစွာကြိုးစားရန်လိုအပ်နေသေးကြောင်းလည်းတွေ့ရမည်ဖြစ်ပါသည်။ တရားစီရင်ရေးအာဏာသည် နိုင်ငံတော်၏ခက်မသုံးဖြာတွင်ပါဝင်သော်လည်း ခက်မဖြစ်ရန် အတော်အရှိန်ယူ

ရဦးမည်ဖြစ်ကြောင်းသဘောပေါက်မိပါသည်။ တရားရေးဌာန၏ အမှတ်တံဆိပ်တွင် ပါဝင်သည့် သီလ၊ သမာဓိ၊ ပညာဆိုသည့် မဂ္ဂင် ( ၈ ) ပါး၏ သင်္ကေတကို ဘယ်ဘက်နှလုံးသား ပေါ်တွင်ချိတ်ဆွဲဆောင်ရွက်ရခြင်းသည်ပင်လျှင် မွန်မြတ်သောတာဝန်ကို ထမ်းဆောင်ရသူများ အဖြစ် ဂုဏ်ယူကျေနပ်စရာပင်ဖြစ်သည်ဟု သဘောပိုက်မိပါသည်။

၂၀၂၀ ပြည့်နှစ်တွင် တရားရုံးလုပ်ငန်းများကို အကောင်းဆုံးဝိုင်းဝန်းဆောင်ရွက်ပေးကြ သောအဆင့်ဆင့် တရားရေးဝန်ထမ်းများ၊ တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများကို ကျေးဇူးတင် ပါကြောင်းဖော်ပြအပ်ပါသည်။

ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် ပူးပေါင်းကူညီပေးပါသော " Law Home Legal Organization " ဥပဒေအိမ်၊ ဥပဒေပညာရပ်ဆိုင်ရာအသင်းကိုလည်း အထူးကျေးဇူးတင် ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

၂၀၂၁ ခုနှစ်တွင်လည်း ယခုထက်ပိုမိုကောင်းမွန်၊ မျှတသန့်ရှင်းသော ဆောင်ရွက်မှုများ ပူးပေါင်းလုပ်ဆောင်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဓမ္မောဟဝေရက္ခတိဓမ္မစာရီ



( ကျော်လင်းမောင် )
တရားသူကြီးချုပ်
ကယားပြည်နယ်တရားလွှတ်တော်

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၃၀ ရက်။

## ရည်မှန်းချက်

- လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုကို ဖြည့်ဆည်းပေးရန်
- တရားရုံးများအပေါ်ပြည်သူလူထု၏စိတ်ချယုံကြည်မှုနှင့်ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကိုမြှင့်တင်ရန်

## လုပ်ငန်းတာဝန်များ

- တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး
- ပြည်သူများယုံကြည်ကိုးစားသည့်ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ် ပေါ်ထွန်းရေး
- အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး
- တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး

## တရားရုံး၏တန်ဖိုးများ

- သာတူညီမျှမှုနှင့် တရားမျှတမှု
- တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု
- လက်လှမ်းမီနိုင်မှု
- မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်နိုင်မှု

### တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်

- တရားစီရင်ရေးလုပ်ငန်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်
- တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်
- တရားရုံးများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်
- တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိလာစေရန




## တရားရုံးစနစ်နှင့်စီမံခန့်ခွဲမှုဖော်ပြချက်

### တရားစီရင်ရေးဆိုင်ရာအခြေခံမှုများ

၂၀၁၀ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ တရားစီရင်ရေးဆိုင်ရာအခြေခံမှုများကို အောက်ပါအတိုင်း ချမှတ်ထားပါသည် –

(၁) ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး၊

(၂) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူရှေ့မှောက်တွင် တရားစီရင်ရေး၊

(၃) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး၊

(၄) ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး၊

(၅) ဥပဒေကို ပြည်သူများကနားလည်လိုက်နာ ကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့်ပျိုးထောင်ပေးရေး၊

(၆) ပြည်သူအချင်းချင်းနှင့် ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး၊

(၇) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး။

## တရားရုံးဖွဲ့စည်းပုံ

မြန်မာနိုင်ငံတွင် တရားစီရင်ရေးသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာခက်မ သုံးဖြာအနက် တစ်ခုဖြစ်ပြီး ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့မှ သီးခြားရပ်တည်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈ အရ နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်များနှင့် အဆင့်ဆင့်သော တရားရုံးများသို့ ခွဲဝေအပ်နှင်းထားပါသည်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေအရ အောက်ဖော်ပြပါတရားရုံးများကို ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှစ၍ ဖွဲ့စည်းထားပါသည် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊

( ခ )တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်၊

( ဂ )ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသတရားရုံး၊

(ဃ) မြို့နယ်တရားရုံး၊

( င ) ဥပဒေအရတည်ထောင်သည့် အခြားတရားရုံးများ။

## ကယားပြည်နယ်တရားလွှတ်တော်ဖွဲ့စည်းပုံ

၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ဖွဲ့စည်းခဲ့ပါသည်။ ဆက်လက်၍ နိုင်ငံတော်တွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ဥပဒေအရတည်ထောင်ထားသော အခြားတရားရုံးများကို တည်ထောင်ဖွဲ့စည်းခဲ့ပါသည်။ ကယားပြည်နယ်တရားလွှတ်တော်ကိုလည်း ၂၀၁၁ ခုနှစ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၅ နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃၄ တို့အရ ဖွဲ့စည်းခဲ့ပါသည်။ နိုင်ငံတော်၏ ဒုတိယအမြင့်ဆုံး တရားရုံးဖြစ်ပါသည်။

## ကယားပြည်နယ်တရားလွှတ်တော်တည်ထောင်မှု

ကယားပြည်နယ် တရားလွှတ်တော်သည် ကယားပြည်နယ်၏မြို့တော် လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်၊ သမိန်ထောလမ်းနှင့် လွိုင်ကော် - ရှားတော လမ်းထောင့်တွင် တည်ရှိပါသည်။ ကယားပြည်နယ်တရားလွှတ်တော်ကို ( ၃၀-၃-၂၀၁၁ ) ရက်နေ့တွင် စတင် ဖွင့်လှစ်ခဲ့ပါသည်။ အဆောက်အအုံမှာ ( ၁၅-၁၀-၂၀၀၁ ) နေ့ကဖွင့်လှစ်ခဲ့သည့် ကယားပြည်နယ်တရားရုံး အဆောက်အအုံဖြစ်ပါသည်။

## ခရိုင်နှင့် မြို့နယ်တရားရုံးများဖွဲ့စည်းခြင်း

ကယားပြည်နယ် တရားလွှတ်တော်၏ ကြီးကြပ်မှုအောက်တွင် ခရိုင်တရားရုံး ( ၂ ) ရုံးနှင့် မြို့နယ်တရားရုံး ( ၇ ) ရုံးကို ဖွဲ့စည်းထားရှိပါသည်။ ခရိုင်တရားရုံးများမှာ လွိုင်ကော်ခရိုင် တရားရုံး နှင့် ဘောလခဲခရိုင်တရားရုံးတို့ ဖြစ်ပါသည်။ မြို့နယ်တရားရုံးများမှာ လွိုင်ကော် မြို့နယ်တရားရုံး၊ ဒီးမော့ဆိုမြို့နယ်တရားရုံး၊ ဖရူဆိုမြို့နယ်တရားရုံး၊ ရှားတောမြို့နယ်တရားရုံး၊ ဘောလခဲမြို့နယ်တရားရုံး၊ ဖားဆောင်းမြို့နယ်တရားရုံးနှင့် မယ်စဲ့မြို့နယ်တရားရုံးတို့ဖြစ်ပါသည်။

## ကယားပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများ၏ တည်နေရာများ

| စဉ် | ရုံးအမည် | လိပ်စာ |
|---|---|---|
| ၁။ | ကယားပြည်နယ်တရားလွှတ်တော် | သမိန်ထောလမ်း နှင့် လွိုင်ကော်-ရှားတောလမ်းထောင့်၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့ |
| ၂။ | လွိုင်ကော်ခရိုင်တရားရုံး | ဖဖော်လမ်း နှင့် ၅လမ်းထောင့်၊ ဒေါဥခူရပ်ကွက်၊ လွိုင်ကော်မြို့ |
| ၃။ | ဘောလခဲခရိုင်တရားရုံး | လွိုင်ကော်-မော်ချီးကားလမ်းဘေး၊ ရှမ်းပိုင်းရပ်ကွက်၊ ဘောလခဲမြို့ |
| ၄။ | လွိုင်ကော်မြို့နယ်တရားရုံး | ဖဖော်လမ်း နှင့် ၅လမ်းထောင့်၊ ဒေါဥခူရပ်ကွက်၊ လွိုင်ကော်မြို့ |
| ၅။ | ဒီးမော့ဆိုမြို့နယ်တရားရုံး | စည်ပင်သာယာရပ်ကွက်၊ လွိုင်ကော်-မော်ချီးကားလမ်းဘေး၊ ဒီးမော့ဆိုမြို့ |
| ၆။ | ဖရူဆိုမြို့နယ်တရားရုံး | မြို့မအုပ်စု၊ ထီးတရဲရပ်ကွက်၊ ဖရူဆိုမြို့ |
| ၇။ | ရှားတောမြို့နယ်တရားရုံး | အောင်ချမ်းသာရပ်ကွက်၊ ရှားတောမြို့ |
| ၈။ | ဘောလခဲမြို့နယ်တရားရုံး | လွိုင်ကော်- မော်ချီးကားလမ်းဘေး၊ ရှမ်းပိုင်းရပ်ကွက်၊ ဘောလခဲမြို့ |
| ၉။ | ဖားဆောင်းမြို့နယ်တရားရုံး | သံလွင်ဦးလမ်း၊ မြောက်ပိုင်းရပ်ကွက်၊ ဖားဆောင်းမြို့ |
| ၁၀။ | မယ်စဲ့မြို့နယ်တရားရုံး | မြောက်ပိုင်းရပ်ကွက်၊ မယ်စဲ့မြို့ |

# ကယားပြည်နယ်တရားလွှတ်တော်နှင့် လက်အောက်ခံတရားရုံးများ



## ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်တရားလွှတ်တော်တရားသူကြီးများ



ဦးကျော်လင်းမောင်
ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်
(၂၉-၂-၂၀၁၂) မှ(ယနေ့ထိ)



ဒေါ်သန်းသန်းအေး
တရားလွှတ်တော်တရားသူကြီး
(၃၀-၃-၂၀၁၁) မှ (ယနေ့ထိ)



ဒေါ်စဝ်ဥမ္မာကြည်
တရားလွှတ်တော်တရားသူကြီး
(၂၉-၁၁-၂၀၁၇) မှ (ယနေ့ထိ)

နိုင်ငံတော်သမ္မတသည်ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါ်သန်းသန်းအေးနှင့် ဒေါ်စဝ်ဥမ္မာကြည်

တို့အား ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၃၊ ၄၄၊ ၄၅ တို့နှင့်အညီ တာဝန်ပေးခန့်အပ်ခဲ့ပါသည်။

## ပြည်နယ်တရားလွှတ်တော်၏စီရင်ပိုင်ခွင့်

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃၈အရ ကယားပြည်နယ်တရားလွှတ်တော်အပါအဝင် ပြည်နယ်တရားလွှတ်တော်များ၏ စီရင်ပိုင်ခွင့်အာဏာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မူလမှုကိုစီရင်ခြင်း၊

( ခ ) အယူခံမှုကိုစီရင်ခြင်း၊

( ဂ ) ပြင်ဆင်မှုကိုစီရင်ခြင်း၊

(ဃ) ပင်လယ်ရေကြောင်းအမှုကို စီရင်ခြင်း၊

( င ) ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသောအမှုများကိုစီရင်ခြင်းတို့ဖြစ်ပါသည်။

ကယားပြည်နယ်တရားလွှတ်တော်သည် တရားရုံးများကို မထီမဲ့မြင်ပြုမှု၊ ဥပဒေအရ စစ်ဆေးသောအမှုများကိုလည်း စီရင်ပိုင်ခွင့်ရှိပါသည်။ ထို့ပြင် လက်အောက်ခံ တရားရုံးအားလုံး၏ တရားစီရင်ရေးတာဝန်များနှင့် စီမံအုပ်ချုပ်ရေးတာဝန်များအပေါ် စီမံအုပ်ချုပ်ရန်နှင့် ကြီးကြပ်ရန် တာဝန်ရှိပါသည်။

## ခရိုင်တရားရုံး

ကယားပြည်နယ်အတွင်းတွင် လွိုင်ကော်ခရိုင်တရားရုံးနှင့် ဘောလခဲခရိုင်တရားရုံး (၂) ရုံးရှိပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ပေးခန့်အပ်ထားသည့် ခရိုင်တရားသူကြီး ( ၁ ) ဦးစီ တို့ဖြင့် တရားစီရင်လျက်ရှိပါသည်။ ခရိုင်တရားရုံးများတွင် ခရိုင်တရားသူကြီး၊ တွဲဖက်ခရိုင်တရားသူကြီး၊ ဒုတိယခရိုင်တရားသူကြီးများ၏ အရေအတွက်သည် ၎င်းရုံး၏ လုပ်ငန်းပမာဏအပေါ် မူတည်ပါသည်။ တရားမနှင့် ရာဇဝတ်မူလမှုများကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည့်အပြင် လက်အောက် မြို့နယ်တရားရုံးများက ချမှတ်သော စီရင်ချက်၊ ဒီကရီ၊ အမိန့်များ အပေါ် အယူခံ နှင့် ပြင်ဆင်မှု စီရင်ပိုင်ခွင့် ရှိကြပါသည်။ ထို့ပြင် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများ၏ တရားစီရင်ရေးတာဝန်များနှင့် စီမံအုပ်ချုပ်ရေး တာဝန်များအပေါ် စီမံအုပ်ချုပ်ရန်နှင့် ကြီးကြပ်ရန် တာဝန်ရှိပါသည်။

## ခရိုင်တရားရုံး၏ စီရင်ပိုင်ခွင့်

| | | |
|---|---|---|
| ရာဇဝတ်စီရင်ပိုင်ခွင့် | - ဥပဒေကခွင့်ပြုထားသည့် မည်သည့်ပြစ်ဒဏ်ကိုမဆို ချမှတ်နိုင်သည့်ရာဇဝတ်မူလမှုစီရင်ပိုင်ခွင့်<br>- ၎င်း၏ဒေသ နယ်နိမိတ်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်အပေါ်အယူခံ နှင့် ပြင်ဆင်မှုစီရင်ပိုင်ခွင့် | |
| တရားမစီရင်ပိုင်ခွင့် | ခရိုင်တရားသူကြီး/ တွဲဖက်ခရိုင်တရားသူကြီး | ကျပ်သိန်း ၃၀၀၀၀ ထက်မပိုသော တန်ဖိုးရှိသည့် တရားမမှုများအပေါ် မူလမှု စီရင်ပိုင်ခွင့် |
| | ဒုတိယခရိုင်တရားသူကြီး | ကျပ်သိန်း ၁၅၀၀၀ ထက်မပိုသော တန်ဖိုးရှိသည့် တရားမ မှုများအပေါ် မူလမှုစီရင်ပိုင်ခွင့် |
| | ခရိုင်တရားသူကြီး/ တွဲဖက်ခရိုင်တရားသူကြီး<br>ဒုတိယခရိုင်တရားသူကြီး | ၎င်းဒေသနယ်နိမိတ် အတွင်းရှိ မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် အယူခံနှင့် ပြင်ဆင်မှု စီရင်ပိုင်ခွင့် |

## မြို့နယ်တရားရုံး

မြို့နယ်တရားရုံးသည် မူလရုံး ဖြစ်ပါသည်။ ကယားပြည်နယ်အတွင်း မြို့နယ်တရားရုံး စုစုပေါင်း ( ၇ ) ရုံး ရှိပါသည်။ မြို့နယ်တရားရုံးများတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ပေးခန့်အပ်ထားသည့် မြို့နယ်တရားသူကြီး ( ၁ ) ဦးစီဖြင့် စစ်ဆေးစီရင်လျက်ရှိပါသည်။ မြို့နယ်တရားသူကြီး၊ တွဲဖက်မြို့နယ်တရားသူကြီး၊ ဒုတိယမြို့နယ်တရားသူကြီးများ၏အရေအတွက်သည် ၎င်းရုံး၏ လုပ်ငန်းပမာဏအပေါ် မူတည်ပါသည်။

## မြို့နယ်တရားရုံး၏ စီရင်ပိုင်ခွင့်

| | | |
|---|---|---|
| ရာဇဝတ် စီရင်ပိုင်ခွင့် | မြို့နယ်/တွဲဖက်မြို့နယ်တရားသူကြီး | ထောင်ဒဏ် ၇ နှစ်နှင့်ငွေဒဏ်အကန့်အသတ်မရှိ |
| | ပထမတန်းရာဇဝတ်တရားသူကြီး | ထောင်ဒဏ် ၃ နှစ်နှင့်ငွေဒဏ် ၁၀၀၀၀၀ကျပ် |
| | ဒုတိယတန်းရာဇဝတ်တရားသူကြီး | ထောင်ဒဏ် ၁ နှစ်နှင့် ငွေဒဏ် ၅၀၀၀၀ ကျပ် |
| | တတိယတန်းရာဇဝတ်တရားသူကြီး | ထောင်ဒဏ် ၃ လနှင့် ငွေဒဏ် ၃၀၀၀၀ ကျပ် |
| တရားမ စီရင်ပိုင်ခွင့် | မြို့နယ်/တွဲဖက်မြို့နယ်တရားသူကြီး | ကျပ်သိန်း ၁၀၀ ထက်မပိုသော တန်ဖိုးရှိသည့် တရားမမှုများ |
| | ဒုတိယမြို့နယ်တရားသူကြီး | ကျပ်သိန်း ၃၀ ထက်မပိုသော တန်ဖိုးရှိသည့်တရားမမှုများ |

## ဥပဒေအရ တည်ထောင်သည့် အခြားတရားရုံးများ

ကယားပြည်နယ်တွင် သီးခြားမှုခင်းများကို ကြားနာစစ်ဆေးရန် ဥပဒေအရ တည်ထောင်ထားသော တရားရုံးများ မရှိပါ။ စည်ပင်သာယာမှုခင်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်သည့် မော်တော်ယာဉ်မှုခင်းများကို သက်ဆိုင်ရာ မြို့နယ်တရားရုံးတွင် တရားစွဲဆိုပါသည်။ ကလေးသူငယ်မှုခင်းများစစ်ဆေးစီရင်ရန် ကလေးသူငယ်တရားရုံးကို မြို့နယ်တရားရုံးများတွင် ပူးတွဲဖွင့်လှစ်ထားရှိပြီး မြို့နယ်တရားသူကြီးအား ကလေးသူငယ်ဥပဒေအရ စီရင်ပိုင်ခွင့်အာဏာအပ်နှင်းဆောင်ရွက်လျက်ရှိပါသည်။

## တရားရုံးစီမံခန့်ခွဲမှု

## ပြည်နယ်တရားလွှတ်တော်၏ စီမံခန့်ခွဲမှုဆိုင်ရာကော်မတီများ

ပြည်နယ်တရားလွှတ်တော်တွင် စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်များကို အထောက်အကူပြုသည့်ကော်မတီနှင့်အဖွဲ့များ ဖွဲ့စည်းထားရှိပါသည်။ ထိုကော်မတီများသည် တရားစီရင်ရေးကိစ္စရပ်များနှင့် တရားရုံးစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ကော်မတီများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ တရားလွှတ်တော် တရားသူကြီး ဒေါ်သန်းသန်းအေး၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် ရုံးအဖွဲ့မှူးတို့ ပါဝင်သော ကယားပြည်နယ် တရားစီရင်ရေး မဟာဗျူဟာလုပ်ငန်းစဉ်များ စီမံခန့်ခွဲရေးအဖွဲ့ ၊
- ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဦးကျော်လင်းမောင်၊ တရားလွှတ်တော် တရားသူကြီးဒေါ်သန်းသန်းအေးနှင့်ဒေါ်စဝ်ဥမ္မာကြည်တို့ ဦးဆောင်သည့် တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ခိုင်မာရေးအတွက်တရားရုံးအဆင့်ဆင့်အားကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ၊
- ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဒေါ်သန်းသန်းအေး ဦးဆောင်၍ အဖွဲ့ဝင် (၇) ဦးပါဝင်သော ပြည်နယ်တရားလွှတ်တော် သတင်းအချက်အလက်နှင့် နည်းပညာအဖွဲ့၊

## ကယားပြည်နယ်တရားလွှတ်တော်၏ဖွဲ့စည်းပုံ




## ပြည်နယ်တရားလွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သော ပြည်နယ်တရားရေးဦးစီးမှူးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဒေါ်အေးအေးလှိုင် ( တ / ၂၃၆၇ ) | ပြည်နယ်တရားရေးဦးစီးမှူး | ( ၂၄-၁၀-၂၀၁၉ ) နေ့မှ ( ၁၈-၁-၂၀၂၁ ) ထိ |
| ၂။ | ဒေါ်ရင်ရင်သန်း ( တ / ၁၉၁၈ ) | ပြည်နယ်တရားရေးဦးစီးမှူး | ( ၂၈-၁-၂၀၂၁ ) နေ့မှ ယနေ့အထိ |

## ပြည်နယ်တရားသူကြီးချုပ်ရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော ရုံးအဖွဲ့မှူးများ/ဦးစီးအရာရှိများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဒေါ်အေးအေးခိုင် ( တ / ၂၅၂၅ ) | ဒုတိယညွှန်ကြားရေးမှူး ( ရုံးအဖွဲ့မှူး ) | ( ၂၇-၁၁ -၂၀၁၉ ) နေ့မှ ( ၂၃-၁၁-၂၀၂၀ ) နေ့အထိ |
| ၂။ | ဦးနေမျိုးထွန်း ( တ / ၂၈၄၃ ) | လက်ထောက်ညွှန်ကြားရေးမှူး | ( ၁- ၂ -၂၀၂၁ ) နေ့မှ ယနေ့အထိ |
| ၃။ | ဒေါ်နွယ်နွယ်စိုး ( တ/၂၈၆၀ ) | ဦးစီးအရာရှိ | ( ၁၂-၃ -၂၀၁၉ ) နေ့မှ (၃၀- ၁ -၂၀၂၀ ) နေ့အထိ |

## ပြည်နယ်တရားလွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သော တရားရေးအရာရှိများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးရှိန်မြင့် ( တ / ၂၄၄၇ ) | ဒုတိယညွှန်ကြားရေးမှူး | ( ၁- ၁၂ -၂၀၂၀ ) နေ့မှ ( ၄-၂-၂၀၂၁ )နေ့အထိ |
| ၂။ | ဦးဇော်ဇော်ထွန်း ( တ / ၂၇၀၁) | လက်ထောက်ညွှန်ကြားရေးမှူး | ( ၂၀- ၇ -၂၀၁၈ ) နေ့မှ ( ၁-၆-၂၀၂၀ )နေ့အထိ |
| ၃။ | ဦးဇော်မင်း ( တ / ၂၇၆၃) | လက်ထောက်ညွှန်ကြားရေးမှူး | ( ၁၅- ၇ -၂၀၂၀ ) နေ့မှ ယနေ့အထိ |
| ၄။ | ဒေါ်ညေးမြာ ( တ / ၃၃၅၂ ) | ဦးစီးအရာရှိ | ( ၂ -၂ - ၂၀၁၆ ) နေ့မှ ယနေ့အထိ |
| ၅။ | ဒေါ်စန်းစန်းမြင့် ( တ / ၃၃၅၄ ) | ဦးစီးအရာရှိ | ( ၂ - ၂ -၂၀၁၆ ) နေ့မှ (၁-၂-၂၀၂၁) နေ့အထိ |

## လှိုင်ကော်ခရိုင်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဒေါ်နွဲ့နွဲ့ဦး ( တ / ၂၃၃၉ ) | ခရိုင်တရားသူကြီး | ( ၄- ၁၂ - ၂၀၁၉ ) နေ့မှ ( ၂၇-၇-၂၀၂၀ ) နေ့အထိ |
| ၂။ | ဒေါ်မိုးမိုးမြင့် ( တ / ၂၄၈၄ ) | ခရိုင်တရားသူကြီး | ( ၂၇- ၇ - ၂၀၂၀ ) နေ့မှ ယနေ့အထိ |
| ၃။ | ဒေါ်မေသဥ္စာသင်း ( တ / ၃၅၂၆ ) | ဒုတိယဦးစီးမှူး | ( ၁၀- ၁၀-၂၀၁၉ ) နေ့မှ ယနေ့အထိ |

## ဘောလခဲခရိုင်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးဇေယျာတင့်ညို<br>( တ / ၂၄၈၂ ) | ခရိုင်တရားသူကြီး | ( ၂- ၅ -၂၀၁၉ ) နေ့မှ<br>( ၁၁-၃-၂၀၂၀ )နေ့အထိ |
| ၂။ | ဦးလင်းအောင်သူ<br>( တ / ၂၆၅၆ ) | ဒုတိယခရိုင်တရားသူကြီး<br>( ခရိုင်တရားသူကြီးတာဝန် ) | ( ၁၁ - ၃ -၂၀၂၀ ) နေ့မှ<br>( ၂၇ - ၇ -၂၀၂၀ )နေ့အထိ |
| ၃။ | ဦးဝင်းမြင့်စိုး<br>( တ / ၂၇၃၄) | ဒုတိယခရိုင်တရားသူကြီး<br>( ခရိုင်တရားသူကြီးတာဝန် ) | ( ၂၇ - ၇ -၂၀၂၀ ) နေ့မှ<br>ယနေ့အထိ |

## လွိုင်ကော်မြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဒေါ်အေးမီဝင်းနိုင်<br>( တ/၂၉၈၈ ) | မြို့နယ်တရားသူကြီး | ( ၈- ၃ -၂၀၁၉ ) နေ့မှ<br>ယနေ့အထိ |
| ၂။ | ဦးစိုင်းအောင်မြင့်ဦး<br>( တ/၃၁၇၀ ) | တွဲဖက်မြို့နယ်တရားသူကြီး | ( ၂၅- ၂ -၂၀၂၁ ) နေ့မှ<br>ယနေ့အထိ |

## ဒီးမော့ဆိုမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးမျိုးသူရထွန်း<br>( တ / ၃၄၇၉ ) | မြို့နယ်တရားသူကြီး | ( ၃-၁၀-၂၀၁၉ ) နေ့မှ<br>( ၃-၉-၂၀၂၀ ) နေ့အထိ |
| ၂။ | ဦးမျိုးမင်းထွေး<br>( တ / ၃၅၈၁ ) | ဒုတိယမြို့နယ်တရားသူကြီး<br>(မြို့နယ်တရားသူကြီးတာဝန်) | ( ၃- ၉ -၂၀၂၀ ) နေ့မှ<br>ယနေ့အထိ |

## ဖရူဆိုမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးဇာနည်ထက်အောင်<br>( တ / ၃၄၃၁ ) | မြို့နယ်တရားသူကြီး | ( ၂၃- ၇ - ၂၀၁၉ ) နေ့မှ<br>( ၆- ၈ - ၂၀၂၀ ) နေ့အထိ |
| ၂။ | ဦးထက်နိုင်လင်း<br>( တ / ၃၅၆၈ ) | ဒုတိယမြို့နယ်တရားသူကြီး<br>(မြို့နယ်တရားသူကြီးတာဝန်) | ( ၆- ၈ - ၂၀၂၀ ) နေ့မှ<br>ယနေ့အထိ |

## ရှားတောမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးအောင်ခန့်ကျော် ( တ / ၃၅၀၄ ) ) | မြို့နယ်တရားသူကြီး | ( ၃-၁၀ -၂၀၁၉ ) နေ့မှ ( ၈-၉-၂၀၂၀ )နေ့အထိ |
| ၂။ | ဦးဇင်ဘိုထက် ( တ / ၃၅၈၃ ) ) | ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) | ( ၈- ၉ -၂၀၂၀ ) နေ့မှ ယနေ့အထိ |

## ဘောလခဲမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးစိုးမိုးနိုင် ( တ / ၃၄၂၂ ) | မြို့နယ်တရားသူကြီး | ( ၂၃ - ၇ - ၂၀၁၉ ) နေ့မှ ( ၇- ၄- ၂၀၂၀ ) နေ့အထိ |
| ၂။ | ဦးအောင်ကိုကို ( တ / ၃၅၇၉ ) | ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) | ( ၇ - ၄ - ၂၀၂၀ ) နေ့မှ ယနေ့အထိ |

## ဖားဆောင်းမြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးအောင်ထက် ( တ / ၃၅၀၂ ) | မြို့နယ်တရားသူကြီး | ( ၁၇- ၁၀ -၂၀၁၉ ) နေ့မှ ယနေ့အထိ |

## မယ်စဲ့မြို့နယ်တရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သော တရားသူကြီးများ

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်ကာလ |
|---|---|---|---|
| ၁။ | ဦးအောင်မြင့်ဌေး ( တ/၃၅၁၉ ) | မြို့နယ်တရားသူကြီး | ( ၉- ၁၀ - ၂၀၁၉ ) နေ့မှ ယနေ့အထိ |

## ရသုံးမှန်းခြေငွေစာရင်းများနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု

ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် နှင့် တရားသူကြီးများ၏ အဆောင်အယောင်ဥပဒေအရ အသုံးစရိတ်များကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲလျက်ရှိပြီး ပြည်နယ်တရားရေးဦးစီးမှူးရုံး အရာထမ်း / အမှုထမ်းများ၏ အသုံးစရိတ်များမှာ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲလျက်ရှိပါသည်။

ကယားပြည်နယ်တရားလွှတ်တော်သို့ ကယားပြည်နယ်အစိုးရအဖွဲ့က ၂၀၂၀-၂၀၂၁ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးစရိတ် ( ၅၇၉၅၉၁၀ဝဝ/- ) ကိုခွဲဝေချထားပေးပါသည်။ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ပြည်နယ်တရားရေးဦးစီးမှူးရုံးအတွက် ၂၀၂၀ - ၂၀၂၁ ခုနှစ်၊ ဘဏ္ဍာရေးနှစ် အတွက် အသုံးစရိတ်( ၂၉၅၇၅၄၀၀ဝ/- ) ခွဲဝေချထားပေးပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ် ( ၁၆၅၄၄၀၀ဝ/- ) ခွဲဝေချထားပေးခဲ့ပါသည်။ ကယားပြည်နယ်တရားလွှတ်တော်၊ ပြည်နယ် တရားရေးဦးစီးမှူးက တာဝန်ခံကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

### တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုများ

## မှုခင်းများစစ်ဆေးစီရင်ခြင်း

မှုခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေးသည် တရားရုံး၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း တရားရုံးအဆင့်ဆင့်၏ မှုခင်းများ စစ်ဆေးစီရင်မှု အခြေအနေကို ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်း၊ ဆုံးဖြတ်ပြီး အမှုများ၏ သက်တမ်း၊ စစ်ဆေးဆဲ အမှုများ၏ သက်တမ်း၊ အယူခံတက်ရောက်မှုနှုန်း၊ မှုခင်းပမာဏနှင့် တရားသူကြီးများ၏ ဆောင်ရွက်နိုင်မှုနှင့် အရေးကြီးရာဇဝတ်မှု အမျိုးအစားအလိုက်ခွဲခြားခြင်း စသည့် စံနှုန်းများပေါ် မူတည်၍ နှိုင်းယှဉ်ဖော်ပြထားပါသည်။

## ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း

ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်းသည် တရားရုံးသို့ စွဲဆိုတင်ပို့သည့် မှုခင်းပမာဏ ကိုအမီလုပ်ဆောင်နိုင်သည့် တရားစီရင်ရေးဆိုင်ရာ စွမ်းရည်ကို တိုင်းတာရန် ပြက္ခဒိန်နှစ်အတွင်း စွဲဆိုတင်ပို့လာသော အမှုနှင့် စီရင်ဆုံးဖြတ်ပြီးသည့် အမှုအရေအတွက် အချိုးအစားကို တွက်ချက် တိုင်းတာ ဖော်ပြခြင်းဖြစ်ပါသည်။

## ကယားပြည်နယ်တရားလွှတ်တော်

၂၀၂၀ ပြည့်နှစ်အတွင်း ကယားပြည်နယ်တရားလွှတ်တော်၏ ရာဇဝတ်ဆိုင်ရာ အမှုများနှင့် တရားမဆိုင်ရာအမှုများ စစ်ဆေးစီရင်ပြီးပြတ်မှုနှုန်းကို ပြက္ခဒိန်နှစ်အလိုက် ဖော်ပြထားပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ကယားပြည်နယ်တရားလွှတ်တော်သို့ စွဲဆိုတင်ပို့သော အမှုပေါင်း ( ၆၃ ) မှုရှိပြီး၊ ပြီးပြတ်မှုသည် ( ၇၂ ) မှုဖြစ်ပါသည်။ စွဲဆို လျှောက်ထားမှုသည် ယခင်နှစ်ထက် လျော့နည်းခဲ့ပြီး မှုခင်းအားလုံး၏ ပြီးပြတ်မှုနှုန်းမှာ ၁၁၄.၂၉% ဖြစ်ပါသည်။

ဇယား ( ၁ )

**ကယားပြည်နယ်တရားလွှတ်တော်၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ( ၂၀၁၉-၂၀၂၀ )**

| | ၂၀၁၉ ခုနှစ် | | | ၂၀၂၀ ပြည့်နှစ် | | |
|---|---|---|---|---|---|---|
| | ရာဇဝတ် | တရားမ | စုစုပေါင်း | ရာဇဝတ် | တရားမ | စုစုပေါင်း |
| စွဲဆိုတင်ပို့မှု | ၆၅ | ၃၅ | ၁၀၀ | ၄၇ | ၁၆ | ၆၃ |
| ပြီးပြတ်မှု | ၆၃ | ၃၅ | ၉၈ | ၅၄ | ၁၈ | ၇၂ |
| အမှုပြီးပြတ်နှုန်း | **၉၆.၉၂%** | **၁၀၀%** | **၉၈%** | **၁၁၄.၈၉%** | **၁၁၂.၅%** | **၁၁၄.၂၉%** |



## ခရိုင်တရားရုံးများ

၂၀၂၀ ပြည့်နှစ်အတွင်း ခရိုင်တရားရုံးများ၏ ရာဇဝတ်ဆိုင်ရာ အမှုများနှင့် တရားမဆိုင်ရာအမှုများ စစ်ဆေးစီရင်ပြီးပြတ်မှုနှုန်းကို ပြက္ခဒိန်နှစ်အလိုက် ဖော်ပြ ထားပါ သည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ခရိုင်တရားရုံးများသို့ စွဲဆိုတင်ပို့သော အမှုပေါင်း ( ၂၄၉ ) မှုရှိပြီး၊ ပြီးပြတ်မှုသည် ( ၂၀၆ ) မှုဖြစ်ပါသည်။ စွဲဆို လျှောက်ထားမှုသည် ယခင်နှစ်ထက် လျော့နည်းခဲ့ပြီး မှုခင်းအားလုံး၏ ပြီးပြတ်မှုနှုန်းမှာ ၈၂.၇၃% ဖြစ်ပါသည်။

ဇယား ( ၂ )

**ကယားပြည်နယ်တရားလွှတ်တော်အတွင်းရှိ ခရိုင်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ( ၂၀၁၉–၂၀၂၀ )**

| | ၂၀၁၉ ခုနှစ် | | | ၂၀၂၀ ပြည့်နှစ် | | |
|---|---|---|---|---|---|---|
| | ရာဇဝတ် | တရားမ | စုစုပေါင်း | ရာဇဝတ် | တရားမ | စုစုပေါင်း |
| **စွဲဆိုတင်ပို့မှု** | ၁၇၉ | ၉၀ | ၂၆၉ | ၁၈၃ | ၆၆ | ၂၄၉ |
| **ပြီးပြတ်မှု** | ၁၆၇ | ၇၄ | ၂၄၁ | ၁၅၈ | ၄၈ | ၂၀၆ |
| **အမှုပြီးပြတ်နှုန်း** | **၉၃.၂၉%** | **၈၂.၂၂%** | **၈၉.၅၉%** | **၈၆.၃၄%** | **၇၂.၇၂%** | **၈၂.၇၃%** |



## မြို့နယ်တရားရုံးများ

ကယားပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံး (၇) ရုံးတို့၏ ၂၀၂၀ ပြည့်နှစ်အတွင်း ရာဇဝတ်ဆိုင်ရာအမှုများနှင့် တရားမဆိုင်ရာအမှုများ စစ်ဆေးစီရင်ပြီးပြတ်မှုနှုန်းကို ပြက္ခဒိန်နှစ်အလိုက် ဖော်ပြထားပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း မြို့နယ်တရားရုံးများသို့ စွဲဆိုတင်ပို့သောအမှုပေါင်း ( ၁၀၃၇ ) မှုရှိပြီး၊ ပြီးပြတ်မှုသည် ( ၁၀၂၈ ) မှုဖြစ်ပါသည်။ စွဲဆို လျှောက်ထားမှုသည် ယခင်နှစ်ထက်လျော့နည်းခဲ့ပြီး မှုခင်းအားလုံး၏ ပြီးပြတ်မှုနှုန်းမှာ ၉၉.၁၃ % ဖြစ်ပါသည်။

**ဇယား ( ၃ )**

**ကယားပြည်နယ်တရားလွှတ်တော်အတွင်းရှိ မြို့နယ်တရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်း ( ၂၀၁၉–၂၀၂၀ )**

| | ၂၀၁၉ ခုနှစ် | | | ၂၀၂၀ ပြည့်နှစ် | | |
|---|---|---|---|---|---|---|
| | ရာဇဝတ် | တရားမ | စုစုပေါင်း | ရာဇဝတ် | တရားမ | စုစုပေါင်း |
| **စွဲဆိုတင်ပို့မှု** | ၁၀၄၆ | ၉၆ | ၁၁၄၂ | ၉၈၃ | ၅၄ | ၁၀၃၇ |
| **ပြီးပြတ်မှု** | ၁၀၅၀ | ၉၀ | ၁၁၄၀ | ၉၂၈ | ၄၆ | ၁၀၂၈ |
| **အမှုပြီးပြတ်နှုန်း** | **၁၀၀.၃၈%** | **၉၃.၇၅%** | **၉၉.၈၂%** | **၉၄.၄၀%** | **၈၅.၁၉%** | **၉၉.၁၃%** |



## ၂၀၂၀ ပြည့်နှစ်တွင် တရားလွှတ်တော်၊ခရိုင်တရားရုံး၊မြို့နယ်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်း

ကယားပြည်နယ်တရားလွှတ်တော်၊ ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံး(၂)ရုံးနှင့် မြို့နယ်တရားရုံး(၇)ရုံးတို့၏ ရာဇဝတ်၊ တရားမအမှုအမျိုးအစားအလိုက် ၂၀၂၀ ပြည့်နှစ်အတွင်း စွဲဆို၊ ပြီးပြတ်နှင့် အမှုပြီးပြတ်မှုရာခိုင်နှုန်းများကို ဇယား (၄) တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။

**ဇယား ( ၄ )**

| စဉ် | တရားရုံးအမည် | ရာဇဝတ် | | တရားမ | | အမှုပြီးပြတ်မှုနှုန်း | |
|---|---|---|---|---|---|---|---|
| | | စွဲဆို | ပြီးပြတ် | စွဲဆို | ပြီးပြတ် | ရာဇဝတ် | တရားမ |
| ၁။ | **ကယားပြည်နယ်တရားလွှတ်တော်** | ၄၇ | ၅၄ | ၁၆ | ၁၈ | ၁၁၄.၈၉% | ၁၁၂.၅% |
| ၂။ | **လွိုင်ကော်ခရိုင်တရားရုံး** | ၁၆၉ | ၁၄၁ | ၆၃ | ၄၄ | ၈၃.၄၃% | ၆၉.၈၄% |
| ၃။ | **ဘောလခဲခရိုင်တရားရုံး** | ၁၄ | ၁၇ | ၃ | ၄ | ၁၂၁.၄၃% | ၁၃၃.၃၃% |
| ၄။ | **လွိုင်ကော်မြို့နယ်တရားရုံး** | ၇၄၉ | ၆၈၂ | ၄၆ | ၄၀ | ၉၁.၀၅% | ၈၆.၉၆% |
| ၅။ | **ဒီးမော့ဆိုမြို့နယ်တရားရုံး** | ၁၀၂ | ၁၀၃ | ၃ | ၂ | ၁၀၀.၉၈% | ၆၆.၆၇% |
| ၆။ | **ဖရူဆိုမြို့နယ်တရားရုံး** | ၂၈ | ၂၅ | ၁ | ၁ | ၈၉.၂၉% | ၁၀၀% |
| ၇။ | **ရှားတောမြို့နယ်တရားရုံး** | ၁၀ | ၁၀ | - | - | ၁၀၀% | - |
| ၈။ | **ဘောလခဲမြို့နယ်တရားရုံး** | ၄၂ | ၄၇ | ၃ | ၂ | ၁၁၁.၉၀% | ၆၆.၆၇% |
| ၉။ | **ဖားဆောင်းမြို့နယ်တရားရုံး** | ၃၃ | ၃၄ | ၁ | ၁ | ၁၀၃.၀၃% | ၁၀၀% |
| ၁၀။ | **မယ်စဲ့မြို့နယ်တရားရုံး** | ၁၉ | ၂၇ | - | - | ၁၄၂.၁၁% | - |



## ဆုံးဖြတ်ပြီးအမှုများ၏သက်တမ်း

ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်းသည် တရားရုံးများ၏ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးစီရင်နိုင်မှု စွမ်းရည်ကို တိုင်းတာရန် ပြက္ခဒိန်နှစ်အတွင်း တရားရုံးက ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်နှင့် ကြာမြင့်သည့်ကာလအလိုက် အမှုအရေအတွက်တို့၏ အမျိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ ( ၁၂ ) လအထက် ကြာမြင့်သည့် ရာဇဝတ်မှုနှင့် ( ၃၆ ) လအထက် ကြာမြင့်သည့် တရားမမှုတို့ကို ကြန့်ကြာမှုခင်းအဖြစ် သတ်မှတ်ထားပါသည်။

တရားလွှတ်တော်၊ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများ၏ ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ထိ ( ၂ ) နှစ်ကာလအတွက် ဆုံးဖြတ်ပြီးအမှုများ၏ သက်တမ်းကို ရာဇဝတ်၊ တရားမမှုခင်းများ အလိုက်နှိုင်းယှဉ်ဖော်ပြထားပါသည်။

## ကယားပြည်နယ်တရားလွှတ်တော်

ကယားပြည်နယ်တရားလွှတ်တော်သည် ရာဇဝတ် နှင့် တရားမဆိုင်ရာမူလမှု၊ အယူခံမှု၊ ပြင်ဆင်မှု၊အထွေထွေမှုများကိုစစ်ဆေးပါသည်။ ကယားပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ၏သက်တမ်းကိုဇယား ( ၅ )၊ တရားမမှုခင်းများ၏ သက်တမ်းကို ဇယား ( ၆ ) တို့ဖြင့်၂၀၁၉ ခုနှစ်မှ၂၀၂၀ ပြည့်နှစ်အထိ ( ၂ ) နှစ်အတွက် နှိုင်းယှဉ်ဖော်ပြထားပါသည်။

**ဇယား ( ၅ )**

**ကယားပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း ( ၂၀၁၉ - ၂၀၂၀ )**

| | ၂၀၁၉ ခုနှစ် | | ၂၀၂၀ ပြည့်နှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လအောက် | ၅၈ | ၉၂% | ၄၀ | ၇၄% |
| ၃ – ၆ လ | ၅ | ၈% | ၁၄ | ၂၆% |
| ၆ – ၁၂ လ | – | – | – | – |
| ၁၂ လအထက် | – | – | – | – |
| စုစုပေါင်း | ၆၃ | ၁၀၀% | ၅၄ | ၁၀၀% |







ဇယား ( ၆ )

ကယားပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း ( ၂၀၁၉ - ၂၀၂၀ )

| | ၂၀၁၉ ခုနှစ် | | ၂၀၂၀ ပြည့်နှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လအောက် | ၂၁ | ၆၀% | ၁၄ | ၇၈% |
| ၃ – ၆ လ | ၁၄ | ၄၀% | ၄ | ၂၂% |
| ၆ – ၁၂ လ | – | – | – | – |
| ၁၂ – ၃၆ လ | – | – | – | – |
| ၃၆ လအထက် | – | – | – | – |
| စုစုပေါင်း | ၃၅ | ၁၀၀% | ၁၈ | ၁၀၀% |






## ခရိုင်တရားရုံးများ

ခရိုင်တရားရုံးများသည် ရာဇဝတ် နှင့် တရားမဆိုင်ရာမူလမှု၊ အယူခံမှု၊ ပြင်ဆင်မှုနှင့် အထွေထွေမှုများကို စစ်ဆေးပါသည်။ ကယားပြည်နယ် အတွင်းရှိ လွိုင်ကော်ခရိုင်နှင့် ဘောလခဲခရိုင်တရားရုံးတို့၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ၏ သက်တမ်းကို ဇယား( ၇ )၊ တရားမမှုခင်းများ၏ သက်တမ်းကို ဇယား ( ၈ ) တို့ဖြင့် ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ( ၂ ) နှစ်အတွက် နှိုင်းယှဉ်ဖော်ပြထားပါသည်။

**ဇယား ( ၇ )**

**ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း ( ၂၀၁၉ - ၂၀၂၀ )**

| | ၂၀၁၉ ခုနှစ် | | ၂၀၂၀ ပြည့်နှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လအောက် | ၁၁၈ | ၇၁% | ၈၃ | ၅၃% |
| ၃ – ၆ လ | ၃၇ | ၂၂% | ၅၄ | ၃၄% |
| ၆ – ၁၂ လ | ၁၂ | ၇% | ၁၉ | ၁၂% |
| ၁၂ လအထက် | – | – | ၂ | ၁% |
| **စုစုပေါင်း** | **၁၆၇** | **၁၀၀%** | **၁၅၈** | **၁၀၀%** |






ဇယား (၈)

ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း ( ၂၀၁၉ - ၂၀၂၀ )

| | ၂၀၁၉ ခုနှစ် | | ၂၀၂၀ ပြည့်နှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၃ လအောက် | ၃၅ | ၄၇% | - | - |
| ၃ - ၆ လ | ၂၂ | ၃၀% | ၁၆ | ၃၃% |
| ၆ - ၁၂ လ | - | - | ၁၆ | ၃၃% |
| ၁၂ - ၃၆ လ | ၁၇ | ၂၃% | ၁၅ | ၃၂% |
| ၃၆ လအထက် | - | - | ၁ | ၂% |
| စုစုပေါင်း | ၇၄ | ၁၀၀% | ၄၈ | ၁၀၀% |







## မြို့နယ်တရားရုံးများ

မြို့နယ်တရားရုံးများသည် ရာဇဝတ်နှင့် တရားမဆိုင်ရာမူလမှုများကို စစ်ဆေးပါသည်။ ကယားပြည်နယ်အတွင်းရှိမြို့နယ်တရားရုံး(၇)ရုံးတို့၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများ၏ သက်တမ်းကိုဇယား(၉)၊တရားမမှုခင်းများ၏သက်တမ်းကိုဇယား(၁၀) တို့ဖြင့် ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် အထိ ( ၂ ) နှစ်အတွက် နှိုင်းယှဉ်ဖော်ပြထားပါသည်။

ဇယား (၉)

မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး ရာဇဝတ်မှုများသက်တမ်း (၂၀၁၉ - ၂၀၂၀ )

| | ၂၀၁၉ ခုနှစ် | | ၂၀၂၀ ပြည့်နှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| နေ့ချင်းပြီး | ၅၇၄ | ၅၅% | ၅၁၂ | ၅၅% |
| ၃ လအောက် | ၃၁၀ | ၃၀% | ၂၃၆ | ၂၅% |
| ၃ – ၆ လ | ၁၀၆ | ၁၀% | ၉၉ | ၁၁% |
| ၆ – ၁၂ လ | ၅၀ | ၄% | ၆၁ | ၇% |
| ၁၂ လအထက် | ၁၀ | ၁% | ၂၀ | ၂% |
| **စုစုပေါင်း** | **၁၀၅၀** | **၁၀၀%** | **၉၂၈** | **၁၀၀%** |







ဇယား (၁၀ )

မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီး တရားမမှုများသက်တမ်း (၂၀၁၉- ၂၀၂၀)

| | ၂၀၁၉ ခုနှစ် | | ၂၀၂၀ ပြည့်နှစ် | |
|---|---|---|---|---|
| | အမှုအရေအတွက် | ရာခိုင်နှုန်း | အမှုအရေအတွက် | ရာခိုင်နှုန်း |
| ၆ လအောက် | ၅၆ | ၆၂% | ၁၉ | ၄၂% |
| ၆ – ၁၂ လ | ၃၄ | ၃၈% | ၂၀ | ၄၃% |
| ၁၂ – ၃၆ လ | – | – | ၆ | ၁၃% |
| ၃၆ လအထက် | – | – | ၁ | ၂% |
| **စုစုပေါင်း** | **၉၀** | **၁၀၀%** | **၄၆** | **၁၀၀%** |







**အယူခံတက်ရောက်မှုနှုန်း**

အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အတွင်း တရားရုံးများ၏ အပြီးသတ်ဆုံးဖြတ်ချက်အပေါ် အမှုသည်များ၏ ကျေနပ်မှုကို တိုင်းတာရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ကယားပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း**

ကယားပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးများမှ ဆုံးဖြတ်ချက်အပေါ် အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် မြို့နယ်တရားရုံးများ၏ ဆုံးဖြတ်ပြီးအမှုအရေအတွက်နှင့်ခရိုင်တရားရုံးများ၏ အယူခံမှုအရေအတွက်တို့၏ အမျိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ အယူခံမှုအရေအတွက်တွင် ပြင်ဆင်မှုနှင့် အထွေထွေအယူခံမှုများ ပါဝင်ခြင်းမရှိပါ။

၂၀၂၀ ပြည့်နှစ်အတွင်း မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ စုစုပေါင်း အယူခံတက်ရောက်မှုနှုန်းသည် ရာဇဝတ်မှုများတွင် ( ၁ %) ရှိပြီး တရားမမှုများအယူခံ တက်ရောက်မှုမရှိပါ။ မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်းကို ဇယား ( ၁၇ ) တွင် ဖော်ပြထားပါသည်။

ဇယား ( ၁၇ )

## ၂၀၂၀ ပြည့်နှစ်အတွင်း ကယားပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးများမှ ခရိုင်တရားရုံးများသို့ အယူခံတက်ရောက်မှုနှုန်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရာဇဝတ် | | တရားမ | | အယူခံနှုန်း | |
|---|---|---|---|---|---|---|---|
| | | ဆုံးဖြတ်ပြီး အမှု ( မြို့နယ် ) | အယူခံမှု ( ခရိုင် ) | ဆုံးဖြတ်ပြီး အမှု ( မြို့နယ် ) | အယူခံမှု ( ခရိုင် ) | ရာဇဝတ် | တရားမ |
| ၁။ | ကယားပြည်နယ် | ၉၂၈ | ၅ | ၄၆ | - | ၀.၅% | - |
| | **စုစုပေါင်း** | **၉၂၈** | **၅** | **၄၆** | **-** | **၀.၅%** | **-** |

## ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများမှ ကယားပြည်နယ်တရားလွှတ်တော်သို့ အယူခံတက်ရောက်မှုနှုန်း

ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများမှ ဆုံးဖြတ်ချက်အပေါ် အယူခံတက်ရောက်မှုနှုန်းသည် ပြက္ခဒိန်နှစ်အလိုက် ခရိုင်တရားရုံးများ၏ ဆုံးဖြတ်ပြီး အမှုအရေအတွက်နှင့်ကယားပြည်နယ်တရားလွှတ်တော်၏ အယူခံမှုအရေအတွက်တို့၏ အချိုးအစားကို တွက်ချက်ခြင်းဖြစ်ပါသည်။ အယူခံမှုအရေအတွက်တွင် ပြင်ဆင်မှု နှင့် အထွေထွေအယူခံမှုများ ပါဝင်ခြင်း မရှိပါ။

၂၀၂၀ပြည့်နှစ်အတွင်းကယားပြည်နယ်အတွင်းရှိခရိုင်တရားရုံးများမှ ကယားပြည်နယ်တရားလွှတ်တော်သို့ စုစုပေါင်း အယူခံတက်ရောက်မှုနှုန်းသည် ရာဇဝတ်မှုများတွင် ( ၁၇ % ) ရှိပြီး တရားမမှုများတွင် ( ၁၅ % ) ရှိပါသည်။

ကယားပြည်နယ်အတွင်းရှိခရိုင်တရားရုံးများမှ ကယားပြည်နယ်တရားလွှတ်တော်သို့ အယူခံတက်ရောက်မှုနှုန်းကို ဇယား ( ၁၈ ) တွင်ဖော်ပြထားပါသည်။

ဇယား ( ၁၈ )

## ၂၀၂၀ ပြည့်နှစ်အတွင်း ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများမှ ကယားပြည်နယ်တရားလွှတ်တော်သို့အယူခံတက်ရောက်မှုနှုန်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရာဇဝတ် | | တရားမ | | အယူခံနှုန်း | |
|---|---|---|---|---|---|---|---|
| | | ဆုံးဖြတ်ပြီးအမှု ( ခရိုင် ) | အယူခံမှု ( တရားလွှတ်တော် ) | ဆုံးဖြတ်ပြီးအမှု ( ခရိုင် ) | အယူခံမှု ( တရားလွှတ်တော် ) | ရာဇဝတ် | တရားမ |
| ၁။ | ကယားပြည်နယ် | ၁၅၈ | ၂၇ | ၄၈ | ၇ | ၁၇.၀၉% | ၁၄.၅၈% |
| | **စုစုပေါင်း** | **၁၅၈** | **၂၇** | **၄၈** | **၇** | **၁၇.၀၉%** | **၁၄.၅၈%** |

## မှုခင်းပမာဏနှင့်တရားသူကြီးများ၏ ဆောင်ရွက်နိုင်မှု

ပြက္ခဒိန်နှစ်အတွင်း တရားသူကြီးတစ်ဦး စစ်ဆေးရသည့် မှုခင်းပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့် အမှုပမာဏကို တိုင်းတာရန်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်အတွင်း တရားရုံးအဆင့်အလိုက် တရားသူကြီးတစ်ဦးလျှင် လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်နှင့် စီရင်ဆုံးဖြတ်ခဲ့သည့်အမှုအရေအတွက်တို့ကို ဇယား( ၁၉ ) တွင် ဖော်ပြထားပါသည်။

ဇယား ( ၁၉ )

## ၂၀၂၀ ပြည့်နှစ်အတွင်း တရားသူကြီးတစ်ဦးချင်းစစ်ဆေးရသည့် အမှုပမာဏနှင့် စီရင်ဆုံးဖြတ်နိုင်သည့်အမှုပမာဏ

| တရားရုံးအမည် | စွဲဆို ( ရာဇဝတ် + တရားမ ) | | | ပြီးပြတ် ( ရာဇဝတ် + တရားမ ) | | | တရားသူကြီးအရေအတွက် | မှုခင်းပမာဏ | ဆောင်ရွက်နိုင်မှု | ဆောင်ရွက်မှုရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|
| | ရာဇဝတ် | တရားမ | စုစုပေါင်း | ရာဇဝတ် | တရားမ | စုစုပေါင်း | | | | |
| တရားလွှတ်တော် | ၄၇ | ၁၆ | ၆၃ | ၅၄ | ၁၈ | ၇၂ | ၃ | ၂၁ | ၂၄ | ၁၁၄.၂၉% |
| ခရိုင်တရားရုံးများ | ၁၈၃ | ၆၆ | ၂၄၉ | ၁၅၈ | ၄၈ | ၂၀၆ | ၂ | ၁၂၅ | ၁၀၃ | ၈၂.၇၃% |
| မြို့နယ်တရားရုံးများ | ၉၈၃ | ၅၄ | ၁၀၃၇ | ၉၂၈ | ၄၆ | ၉၇၄ | ၇ | ၁၄၈ | ၁၃၉ | ၉၃.၉၂% |

၂၀၂၀ ပြည့်နှစ်အတွင်း ကယားပြည်နယ်တရားလွှတ်တော်တွင် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ ( ၂၁ ) မှုဖြစ်ပြီး၊ စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်မှာ ( ၂၄ ) မှုဖြစ်ပါသည်။

ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများတွင် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ ( ၁၂၅ ) မှုဖြစ်ပြီး စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်မှာ ( ၁၀၃ ) မှုဖြစ်ပါသည်။

ကယားပြည်နယ်အတွင်းရှိ မြို့နယ်တရားရုံးများတွင် တရားသူကြီးတစ်ဦး၏ လက်ခံစစ်ဆေးရသည့် အမှုအရေအတွက်မှာ ( ၁၄၈ ) မှုဖြစ်ပြီး စီရင်ဆုံးဖြတ်ခဲ့သည့် အမှုအရေအတွက်မှာ ( ၁၃၉ ) မှုဖြစ်ပါသည်။

## အရေးကြီးရာဇဝတ်မှုအမျိုးအစားအလိုက်ခွဲခြားဖော်ပြခြင်း

၂၀၂၀ ပြည့်နှစ်အတွင်း ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများသို့ စွဲဆိုခဲ့သည့် အရေးကြီးရာဇဝတ်မှုများဖြစ်သည့် မုဒိမ်းမှု၊ လူသတ်မှု၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှုများနှင့်ယာဉ်မတော်တဆမှုကြောင့် လူသေမှုများ၏ စွဲဆိုသည့် ပမာဏအရဖြစ်ပွားနေသော အခြေအနေကို သိရှိစေရန် ရည်ရွယ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများ နှင့် မြို့နယ်တရားရုံးများသို့ စွဲဆိုခဲ့သည့် ရာဇဝတ်မှုအရေအတွက်မှ နေ့ချင်းပြီး စစ်ဆေးပြီးပြတ်သည့် အမှုများကို ထုတ်နှုတ်၍ ကျန်ရှိသည့် အမှုအရေအတွက်နှင့် အရေးကြီးအမှုအမျိုးအစား တစ်ခုချင်းစီအလိုက် စွဲဆိုသည့်အမှုအရေအတွက်ကို အချိုးတူတွက်ချက်ထားခြင်းဖြစ်ပါသည်။

၂၀၂၀ပြည့်နှစ်အတွင်း မြို့နယ်တရားရုံးများနှင့် ခရိုင်တရားရုံးများသို့ စွဲဆိုခဲ့သည့် ရာဇဝတ်မူလမှု စုစုပေါင်း ( ၁၀၀၁ ) မှုရှိပါသည်။ အဆိုပါအမှုများအနက် နေ့ချင်းပြီး စစ်ဆေးပြီးပြတ်ခဲ့သည့် အသေးအဖွဲ့မှုစုစုပေါင်း ( ၄၉၄ ) မှုရှိပါသည်။ ကျန်ရှိသည့် အမှုပေါင်း ( ၅၀၇ ) မှုတွင် မူးယစ်ဆေးဝါးမှုများသည် ( ၂၀% )၊ လူသတ်မှုများသည် ( ၁% )၊ မုဒိမ်းမှုများသည် ( ၁% )၊ ယာဉ်မတော်တဆမှုကြောင့် လူသေမှုများသည် ( ၂% )၊ အခြားအမှုများသည် ( ၇၆% ) စွဲဆိုခဲ့ပါသည်။ အမှုအမျိုးအစားအလိုက် အသေးစိတ်စာရင်းကို ဇယား ( ၂၀ ) တွင်ဖော်ပြထားပါသည်။

ဇယား ( ၂၀ )

## ၂၀၂၀ ပြည့်နှစ်အတွင်း အရေးကြီးရာဇဝတ်အမှုအမျိုးအစားအလိုက်စွဲဆိုမှု

| စဉ် | အမှုအမျိုးအစား | | စွဲဆိုသည့်အမှု အရေအတွက် | မှတ်ချက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | မူးယစ်ဆေးဝါးမှု | | ၁၃၆ | လှိုင်ကော်ခရိုင်တရားရုံး (၈၂)<br>ဘောလခဲခရိုင်တရားရုံး (၆)<br>ကျန်မြို့နယ်တရားရုံး (၃၈) | ၂၀% |
| ၂။ | လူသတ်မှု | | ၆ | လှိုင်ကော်ခရိုင်တရားရုံး (၃)<br>ဘောလခဲခရိုင်တရားရုံး (၃) | ၁% |
| ၃။ | မုဒိမ်းမှု | အရွယ်ရောက် | ၃ | မြို့နယ်တရားရုံးများတွင်စွဲဆိုမှု | ၁% |
| | | သက်ငယ် | ၆ | လှိုင်ကော်ခရိုင်တရားရုံး (၅)<br>ဘောလခဲခရိုင်တရားရုံး (၁) | |
| ၄။ | လူကုန်ကူးမှု | | - | | - |
| ၅။ | ယာဉ်မတော်တဆမှုကြောင့် လူသေမှု | | ၁၇ | မြို့နယ်တရားရုံးများတွင်စွဲဆိုမှု | ၂% |
| ၆။ | အခြား | | ၅၀၇ | | ၇၆% |
| | **စုစုပေါင်း** | | **၆၇၅** | | **၁၀၀%** |



## ကယားပြည်နယ်အတွင်းရှိ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်တရားရုံးများ၏ ဆောင်ရွက်ချက်များ

### လွိုင်ကော်ခရိုင်တရားရုံးနှင့် လွိုင်ကော်မြို့နယ်တရားရုံးတို့၏ မှုခင်းစီမံခန့်ခွဲမှု ဆောင်ရွက်ချက်များ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် " တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ( ၂၀၁၅ – ၂၀၁၇ ) " ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ကြေညာခဲ့ပြီး နှစ်အလိုက်လုပ်ငန်းအစီအစဉ်များရေးဆွဲကာ ၂၀၁၅ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ယင်းစီမံကိန်းတွင် မဟာဗျူဟာနယ်ပယ် ( ၅ ) ရပ်ခွဲခြားထားရာ နယ်ပယ် ( ၅ ) ခုဖြစ်သည့် **" အမှုများစစ်ဆေးစီရင်ရာတွင် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်မှုအားကောင်းလာစေရန် "** နယ်ပယ်၌ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ( Case Management Program ) ကိုကျင့်သုံးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တရားရုံး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်တရားရုံးနှင့် ကရင်ပြည်နယ် ဘားအံမြို့နယ်တရားရုံးတို့ကို ရှေ့ပြေးတရားရုံး ( Pilot Court ) များအဖြစ် သတ်မှတ်၍ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လမှ စတင်စမ်းသပ် ကျင့်သုံးခဲ့ပါသည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင်စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တရားရုံး၊ မွန်ပြည်နယ် မော်လမြိုင်ခရိုင်တရားရုံး၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တရားရုံး၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်တရားရုံးနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ နယ်တရားရုံးတို့ကို တိုးချဲ့ရှေ့ပြေးတရားရုံးများအဖြစ်သတ်မှတ်ပြီး မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ဆက်လက် စမ်းသပ်ကျင့်သုံးခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း ( ၂၀၁၈–၂၀၂၂ ) ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ကြေငြာခဲ့ပြီး မဟာဗျူဟာနယ်ပယ် ( ၅ ) ဖြစ်သည့် **" ထိရောက်သောမှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန် "** ရည်မှန်းချက်များချမှတ်ကာ နိုင်ငံတစ်ဝန်းမှုခင်း စီမံခန့်ခွဲမှုအစီအစဉ် ( National Case Management Program–NCMP ) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မှ ခရိုင်တရားရုံး ( ၉ ) ရုံးနှင့် မြို့နယ်တရားရုံး ( ၉ ) ရုံးတို့တွင် မှုခင်းစီမံခန့်ခွဲမှု

အစီအစဉ်ကို အကောင်အတည်ဖော်ဆောင်ရွက်ခဲ့ရာ ယခင်ရွှေ့ပြောင်း တရားရုံး ( ၈ ) ရုံးနှင့်ပေါင်း၍ ခရိုင်တရားရုံး ( ၁၂ ) ရုံးနှင့် မြို့နယ်တရားရုံး ( ၁၄ ) ရုံး စုစုပေါင်း ( ၂၆ ) ရုံးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ( ၁ ) ရက်နေ့မှစတင်၍ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် စတင် အကောင်အထည်ဖော်ခဲ့သည့် တရားရုံး ( ၂၆ ) ရုံးတွင် ကယားပြည်နယ်အတွင်းရှိ လွိုင်ကော် ခရိုင်တရားရုံးနှင့် လွိုင်ကော်မြို့နယ်တရားရုံး ( ၂ ) ရုံးပါဝင်ပြီး မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် တရားရုံး များအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၉ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ခရိုင်တရားရုံး (၅) ရုံးနှင့် မြို့နယ်တရားရုံး (၄၃) ရုံးတို့တွင် မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ( ၁ ) ရက်နေ့မှစတင်၍ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် စတင် အကောင်အထည်ဖော်ခဲ့သည့် တရားရုံး ( ၁၀၉ ) ရုံးတွင် ကယားပြည်နယ်အတွင်းရှိ ဒီးမော့ဆို မြို့နယ်တရားရုံး ( ၁ ) ရုံး ပါဝင်ပြီး မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် တရားရုံးများအဖြစ် ဆောင်ရွက် လျက်ရှိပါသည်။

ကယားပြည်နယ်တရားလွှတ်တော်နှင့် ပြည်နယ်အတွင်းရှိ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများတွင် အများပြည်သူဆိုင်ရာ သတင်းအချက်အလက်ကောင်တာများနှင့် အမှုလက်ခံဌာနများကို ( ၃၀-၁၁-၂၀၁၇ ) နေ့မှစ၍ တည်ထောင်ထားရှိပြီး ဖြစ်ပါသည်။

မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမပြုမီ (က) တရားရုံးစစ်တမ်းကောက်ယူခြင်းဆရာဖြစ်သင်တန်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တွင်လည်းကောင်း၊ (ခ) တရားသူကြီးများနှင့်ရုံးဝန်ထမ်းများအတွက် အခြေခံ ကွန်ပျူတာသင်တန်းနှင့် အဆင့်မြင့်ကွန်ပျူတာသင်တန်း (ဂ) တရားသူကြီးများနှင့် ရုံးဝန်ထမ်းများအတွက် တရားရုံး စစ်တမ်းကောက်ယူခြင်းသင်တန်း (ဃ) တရားရုံးစစ်တမ်းကောက်ယူခြင်း ဆင့်ပွားသင်တန်းနှင့် (င) မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အခြေခံသင်တန်းတို့ကို ကယားပြည်နယ်တရားလွှတ်တော် တွင်လည်းကောင်းဖွင့်လှစ်ပို့ချခဲ့ပါသည်။ လွိုင်ကော်ခရိုင်တရားရုံးနှင့်လွိုင်ကော်မြို့နယ် တရားရုံး တို့အတွက် စစ်ဆေးပြီး ပြတ်သည့်အမှုများ စစ်တမ်းကောက်ယူမည့် ကာလကို “ ၂၀၁၇ ခုနှစ် ”

ဟုသတ်မှတ်ခဲ့ပါသည်။ ဒီးမော့ဆိုမြို့နယ်တရားရုံးအတွက် စစ်ဆေးပြီးပြတ်သည့် အမှုစစ်တမ်း ကောက်ယူမည့် ကာလကို “ ၂၀၁၈ ခုနှစ် ” ဟု သတ်မှတ်ခဲ့ပါသည်။

လွိုင်ကော်ခရိုင်တရားရုံးတွင် ( ၁၉-၆-၂၀၁၈ ) နေ့၌ ၂၀၁၇ ခုနှစ်တွင် စစ်ဆေးပြီးပြတ်သည့် ရာဇဝတ်ကြီးမှု ( ၆၅ ) မှုနှင့် စစ်ဆေးပြီးပြတ်သည့် တရားမကြီးမှု ( ၂၆ ) မှု တို့အား စစ်တမ်းကောက်ယူခြင်းကိုဆောင်ရွက်ခဲ့ပြီး ကွန်ပျူတာတွင် အချက်အလက် ဖြည့်သွင်းခဲ့ပါသည်။ တရားရုံးအသုံးပြုသူများကျေနပ်မှုစစ်တမ်းကို ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ “ ဥပဒေအိမ် ” ဥပဒေပညာရပ်ဆိုင်ရာအသင်း ( Law Home Legal Organization ) နှင့်ပူးပေါင်း၍ လူငယ်(၁၀) ဦးက အမှုသည်များ၊ အမှုသည်များနှင့် လိုက်ပါလာသူများ၊ ရှေ့နေများ၊ ဥပဒေအရာရှိများ၊ တရားရုံး ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ သက်သေများ၊ အချုပ်သားများ၊ အခြားကိစ္စကြောင့် လာရောက်ကြသူများ စုစုပေါင်း ( ၆၈ ) ဦးထံမှ စစ်တမ်းကောက်ယူခဲ့ပါသည်။

လွိုင်ကော်မြို့နယ်တရားရုံးတွင် ( ၁၈-၆-၂၀၁၈ ) နေ့၌ ၂၀၁၇ ခုနှစ်တွင် စစ်ဆေးပြီးပြတ်သည့် ရာဇဝတ်ကြီးမှု ( ၁၆၃ ) မှုနှင့် စစ်ဆေးပြီးပြတ်သည့် တရားမကြီးမှု ( ၂၃ ) မှု တို့အား စစ်တမ်းကောက်ယူခြင်းကိုဆောင်ရွက်ခဲ့ပြီး ကွန်ပျူတာတွင်အချက်အလက်ဖြည့်သွင်း ခဲ့ပါသည်။ တရားရုံးအသုံးပြုသူများ ကျေနပ်မှုစစ်တမ်းကို ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ “ ဥပဒေအိမ် ” ဥပဒေပညာရပ်ဆိုင်ရာအသင်း ( Law Home Legal Organization )နှင့်ပူးပေါင်း၍ လူငယ် (၁၀) ဦးကအမှုသည်များ၊ အမှုသည်များနှင့်လိုက်ပါလာသူများ၊ ရှေ့နေများ၊ ဥပဒေအရာရှိများ၊ တရားရုံး ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ သက်သေများ၊ အချုပ်သားများ၊ အခြားကိစ္စကြောင့် လာရောက်ကြသူများ စုစုပေါင်း ( ၆၁ ) ဦးထံမှ စစ်တမ်းကောက်ယူခဲ့ပါသည်။

ဒီးမော့ဆိုမြို့နယ်တရားရုံးတွင် ( ၃၁-၅-၂၀၂၀ ) နေ့၌ ၂၀၁၈ ခုနှစ်တွင် စစ်ဆေးပြီးပြတ်သည့် ရာဇဝတ်ကြီးမှု ( ၇၆ ) မှုနှင့် စစ်ဆေးပြီးပြတ်သည့် တရားမကြီးမှု ( ၂ ) မှု တို့အား စစ်တမ်းကောက်ယူခြင်းကိုဆောင်ရွက်ခဲ့ပြီး ကွန်ပျူတာတွင် အချက်အလက် ဖြည့်သွင်းခဲ့ပါသည်။ တရားရုံးအသုံးပြုသူများ ကျေနပ်မှုစစ်တမ်းကို Coronavirus Disease 2019 ( COVID –19) ကာကွယ် ၊ ထိန်းချုပ်၊ တားဆီးရေး ကာလဖြစ်သည့်အတွက် ကောက် ယူနိုင်ခြင်းမရှိသေးပါ။ အဆိုပါ စာရင်းများ ကောက်ယူသည့်အခါ စနစ်တကျရှိစေရေးအတွက် သင်တန်းဖွင့်လှစ်ပို့ချပြီး ဖြစ်ပါ သည်။

ကယားပြည်နယ်တရားလွှတ်တော် တရားစီရင်ရေး မဟာဗျူဟာလုပ်ငန်းစဉ်များ စီမံခန့်ခွဲရေးအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်လင်းမောင်က ဦးဆောင်၍ နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ရှင်းလင်းဆွေးနွေး ခြင်းအခမ်းအနားကို ပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ( ၁၀-၇-၂၀၁၈ ) နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲသို့ ကယားပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တရားစွဲအဖွဲ့အစည်းများ ဆက်စပ်အဖွဲ့အစည်းမှ တာဝန်ရှိ သူများ စုစုပေါင်း ( ၅၀ ) ဦး တက်ရောက်ခဲ့ပါသည်။

ခရိုင်အဆင့် နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနား ကို လွိုင်ကော်ခရိုင်တရားရုံး အစည်းအဝေးခန်းမ၌ ( ၂၄ - ၇ - ၂၀၁၈ ) နေ့၊ ( ၃၀-၁၀-၂၀၁၈ ) နေ့နှင့် ( ၂၈-၁၂-၂၀၁၈ ) နေ့များတွင် အသီးသီးပြုလုပ်ခဲ့ပါသည်။

လွိုင်ကော်ခရိုင်တရားရုံး၊ လွိုင်ကော်မြို့နယ်တရားရုံးနှင့် ဒီးမော့ဆိုမြို့နယ်တရားရုံး တို့တွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်စပ်အဖွဲ့အစည်းများနှင့် အခါအားလျော်စွာ တစ်လလျှင်တစ်ကြိမ် ပြုလုပ်လျက်ရှိပါသည်။

လွိုင်ကော်ခရိုင်တရားရုံးတွင် ( ၁၁-၁-၂၀၁၉ ) နေ့၌ထပ်မံ၍ မှုခင်းစီမံခန့်ခွဲမှု ဆိုင်ရာလုပ်ထုံးလုပ်နည်းများ ရှင်းလင်းပွဲပြုလုပ်ခဲ့ပါသည်။ ပြည်နယ်တရားရေးဦးစီးမှူး က တက်ရောက်လာသူများအား ရှင်းလင်းတင်ပြခြင်း၊ မေးမြန်းသည်ကို ရှင်းလင်း ဖြေကြားခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။ “ ဥပဒေအိမ် ” ဥပဒေ ပညာရပ်ဆိုင်ရာအသင်း ( Law Home Legal Organization )၊ Level up Academy ၊ Kayah Woman Organization၊ Seh Theh Learning Center ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တရားစီရင်ရေးဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ ရှေ့နေများ၊ ဥပဒေဆိုင်ရာ အရပ်ဖက်အဖွဲ့အစည်း များမှ စုစုပေါင်း ( ၅၀ ) ဦး တက်ရောက်ခဲ့ပါသည်။

မြို့နယ်အဆင့် နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို လွိုင်ကော်ခရိုင်တရားရုံး အစည်းအဝေးခန်းမ၌ ( ၂၄-၇-၂၀၁၈ ) နေ့တွင် လည်းကောင်း၊ လွိုင်ကော်မြို့နယ်တရားရုံး အစည်းအဝေးခန်းမ၌ ( ၂၉-၉-၂၀၁၈ ) နေ့နှင့် (၂၈-၁၂-၂၀၁၈) နေ့တွင်လည်းကောင်း၊ ဒီးမော့ဆိုမြို့နယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေး

ခန်းမ၌ (၂၆-၆-၂၀၂၀) နေ့များတွင်လည်းကောင်း ပြုလုပ်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် USAID-PRLM တို့ပူးပေါင်း၍ ကယားပြည်နယ် တရားလွှတ်တော်၏အစီအစဉ်ဖြင့် မှုခင်းခြေရာကောက်စနစ်သင်တန်း ( Case Tracking Database Training ) ကို ( ၉-၃-၂၀၁၉ ) မှ ( ၁၁-၃-၂၀၁၉ ) နေ့အထိလည်းကောင်း၊ စောင့်ကြည့်လေ့လာ၍ အစီရင်ခံခြင်းသင်တန်း ( Monitoring and Evaluation Training ) ကို ( ၇-၉-၂၀၁၉ ) မှ ( ၈-၉-၂၀၁၉ )နေ့အထိလည်းကောင်း ကယားပြည်နယ်တရားလွှတ်တော်တွင် ဖွင့်လှစ်ပို့ချခဲ့ပါသည်။

၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလတွင် လွိုင်ကော်ခရိုင်တရားရုံးနှင့် လွိုင်ကော်မြို့နယ် တရားရုံးတို့၏ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ ဆောင်ရွက်မှုများကို အခြေခံမျဉ်း နှင့် နှိုင်းယှဉ် အကဲဖြတ်နိုင်ရန်အတွက် တရားရုံးစစ်တမ်းများကို ကောက်ယူခဲ့ပါသည်။

၂၀၂၀ပြည်နှစ် ၊ မေလတွင် ဒီးမော့ဆိုမြို့နယ်တရားရုံး၏ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ ဆောင်ရွက်မှုများကိုအခြေခံမျဉ်းနှင့် နှိုင်းယှဉ်အကဲဖြတ်နိုင်ရန်အတွက် တရားရုံး စစ်တမ်းများ ကို ကောက်ယူခဲ့ပါသည်။

လွိုင်ကော်ခရိုင်တရားရုံးတွင် (၁၈-၁-၂၀၁၉) နေ့၌ ပြီးပြတ်သောအမှုများ စစ်တမ်းနှင့် စစ်ဆေးဆဲအမှုများ၏စစ်တမ်းများ ကောက်ယူခဲ့ပါသည်။ ( ၂၁ - ၁ - ၂၀၁၉ ) နေ့တွင် တရားရုံးအသုံးပြုသူများကျေနပ်မှုစစ်တမ်းကို ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ “ ဥပဒေအိမ် ” ဥပဒေပညာရပ်ဆိုင်ရာအသင်း ( Law Home Legal Organization ) နှင့်ပူးပေါင်း၍ လူငယ် (၁၀) ဦးက အမှုသည်များ၊ အမှုသည်များနှင့်လိုက်ပါလာသူများ၊ ရှေ့နေများ၊ ဥပဒေအရာရှိများ၊ တရားရုံး ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ သက်သေများ၊ အချုပ်သားများ၊ အခြားကိစ္စကြောင့် လာရောက်ကြသူများ စုစုပေါင်း ( ၄၀ ) ဦးထံမှ စစ်တမ်းကောက်ယူခဲ့ပါသည်။

လွိုင်ကော်မြို့နယ်တရားရုံးတွင် ( ၁၈ - ၁ - ၂၀၁၉ ) နေ့၌ ပြီးပြတ်သော အမှုများ စစ်တမ်းနှင့် စစ်ဆေးဆဲအမှုများ၏စစ်တမ်းများကောက်ယူခဲ့ပါသည်။ (၂၃-၁-၂၀၁၉) ရက်နေ့တွင် တရားရုံးအသုံးပြုသူများ ကျေနပ်မှုစစ်တမ်းကို ကယားပြည်နယ်၊ လွိုင်ကော် မြို့ရှိ “ ဥပဒေအိမ် ” ဥပဒေပညာရပ်ဆိုင်ရာအသင်း ( Law Home Legal Organization ) နှင့်ပူးပေါင်း၍ လူငယ် (၁၀) ဦးက အမှုသည်များ၊ အမှုသည်များနှင့်လိုက်ပါလာသူများ၊ ရှေ့နေများ၊ ဥပဒေအရာရှိများ၊ တရားရုံး ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ သက်သေများ၊ အချုပ်သားများ၊ အခြားကိစ္စကြောင့် လာရောက်ကြသူများ စုစုပေါင်း ( ၇၁ ) ဦးထံမှ စစ်တမ်းကောက်ယူခဲ့ပါသည်။

ဒီးမော့ဆိုမြို့နယ်တရားရုံး၏ ( ၁-၁-၂၀၁၈ ) နေ့မှ ( ၃၁-၁၂-၂၀၁၈ ) နေ့ထိကာလ အတွင်း ပြီးပြတ်သည့်အမှုများ စစ်တမ်းကောက်ယူခြင်းကို (၂၃-၅-၂၀၂၀) နေ့တွင် ဆောင်ရွက်ခဲ့ပါသည်။

ဒီးမော့ဆိုမြို့နယ်တရားရုံးတွင်(၃၁-၁၂-၂၀၁၈)နေ့ထိပြီးပြတ်သောအမှုများ စစ်တမ်းနှင့်(၂၃-၅-၂၀၂၀)နေ့ထိစစ်ဆေးဆဲအမှုများ၏စစ်တမ်းများကို (၁၃-၅-၂၀၂၀) နေ့တွင် ကောက်ယူခဲ့ပါသည်။ တရားရုံးအသုံးပြုသူများ ကျေနပ်မှုစစ်တမ်းကို Coronavirus Disease 2019 ( COVID –19 ) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးကာလဖြစ်သည့်အတွက် ကောက်ယူနိုင်ခြင်းမရှိသေးသဖြင့် အဆိုပါ စာရင်းများကောက်ယူသည့်အခါ စနစ်တကျရှိစေရေးအတွက် ယခုသင်တန်းကိုဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ပြီး ၊ လက်တွေ့နယ်ပယ်တွင် စနစ်တကျအသုံးချနိုင်ရေးအတွက် လက်တွေ့သင်ခန်းစာများနှင့်အတူ ပို့ချပေးခဲ့ခြင်း ဖြစ်ပါသည်။

လွိုင်ကော်ခရိုင်တရားရုံး၏ ( ၁-၁-၂၀၁၉ ) နေ့မှ ( ၃၁-၁၂-၂၀၁၉ ) နေ့အထိ ကာလအတွင်း ပြီးပြတ်သည့်အမှုများစစ်တမ်းကောက်ယူခြင်းကို (၁၀-၁-၂၀၂၀) နေ့တွင် ဆောင်ရွက်ခဲ့ပါသည်။ လွိုင်ကော်ခရိုင်တရားရုံး၌ တရားရုံးအသုံးပြုသူများ ကျေနပ်မှုစစ်တမ်း ကောက်ယူရန် ( ၁၀-၁-၂၀၂၀ ) နေ့တွင် ကြိုတင်ကြော်ငြာခဲ့ပြီး ( ၁၆-၁-၂၀၂၀ ) နေ့၌ ကယား ပြည်နယ်၊ လွိုင်ကော်မြို့ရှိ “ ဥပဒေအိမ် ” ဥပဒေပညာရပ်ဆိုင်ရာအသင်း ( Law Home Legal Organization ) မှလူငယ် ( ၁၀ ) ဦးနှင့်ပူးပေါင်း၍ အမှုသည်များ၊ အမှုသည်များနှင့် လိုက်ပါလာသူများ၊ ရှေ့နေများ၊ ဥပဒေအရာရှိများ၊ တရားရုံးဝန်ထမ်းများ ၊ ရဲတပ်ဖွဲ့ဝင်များ၊ သက်သေများ၊ အချုပ်သားများ၊ အခြားကိစ္စကြောင့် လာရောက်ကြသူများစုစုပေါင်း ( ၄၁ ) ဦးထံမှ ကောက်ယူခဲ့ပါသည်။

လွိုင်ကော်မြို့နယ်တရားရုံး၏ ( ၁-၁-၂၀၁၉ ) နေ့မှ ( ၃၁-၁၂-၂၀၁၉ ) နေ့ထိ ကာလအတွင်းပြီးပြတ်သည့်အမှုများ စစ်တမ်းကောက်ယူခြင်းကို (၁၃-၁-၂၀၂၀) နေ့တွင် ဆောင်ရွက်ခဲ့ပါသည်။ လွိုင်ကော်မြို့နယ်တရားရုံး၌ တရားရုံးအသုံးပြုသူများ ကျေနပ်မှုစစ်တမ်းကောက်ယူရန် ( ၁၃-၁-၂၀၂၀ ) နေ့တွင် ကြိုတင်ကြော်ငြာခဲ့ပြီး ( ၁၇-၁ -၂၀၂၀ ) နေ့၌ ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ “ ဥပဒေအိမ် ” ဥပဒေပညာရပ်ဆိုင် ရာအသင်း ( Law Home Legal Organization ) မှလူငယ် (၁၀) ဦးနှင့်ပူးပေါင်း၍ အမှုသည်များ၊ အမှုသည်များနှင့် လိုက်ပါလာသူများ၊ ရှေ့နေများ၊ ဥပဒေအရာရှိများ၊ တရားရုံးဝန်ထမ်း များ၊ ရဲတပ်ဖွဲ့ဝင်များ၊ သက်သေများ၊ အချုပ်သားများ၊ အခြားကိစ္စကြောင့် လာရောက် ကြသူများ စုစုပေါင်း ( ၄၆ ) ဦးထံမှ ကောက်ယူခဲ့ပါသည်။

ကယားပြည်နယ်တရားလွှတ်တော်အနေဖြင့် တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း ( ၂၀၁၈-၂၀၂၂ ) အရ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ဆောင်ရွက်မည့် တရားရုံး များဖြစ်သည့် လွိုင်ကော်ခရိုင်တရားရုံး၊လွိုင်ကော်မြို့နယ်တရားရုံးနှင့် ဒီးမော့ဆိုမြို့နယ်တရားရုံးတို့၏ ဆောင်ရွက်ချက်များအပေါ် တိုးတက်ကောင်းမွန်သည့် ရလဒ်ကောင်းများရရှိစေရန် အမြဲမပြတ်ကြပ်မတ် ဆောင်ရွက်လျက်ရှိပါသည်။

**မှုခင်းစီမံခန့်ခွဲမှုတရားရုံးများ၏ ပြက္ခဒိန်နှစ်အလိုက်အမှုပြီးပြတ်နှုန်း**

၂၀၂၀ ပြည့်နှစ် အတွက် တရားရုံးစစ်တမ်းများ ကောက်ယူရာတွင် လွိုင်ကော်ခရိုင် တရားရုံးတွင် ပြက္ခဒိန်နှစ်အလိုက် ရာဇဝတ်မှု အမှုပြီးပြတ်နှုန်းမှာ ၇၉% ဖြစ်ပြီး ပြက္ခဒိန် နှစ်အလိုက် တရားမမှု အမှုပြီးပြတ်နှုန်းမှာ ၈၀% ဖြစ်ပါသည်။ လွိုင်ကော်မြို့ နယ် တရားရုံးတွင် ပြက္ခဒိန်နှစ်အလိုက် ရာဇဝတ်မှု အမှုပြီးပြတ်နှုန်းမှာ ၉၄% ဖြစ်ပြီး ပြက္ခဒိန်နှစ် အလိုက် တရားမမှု အမှုပြီးပြတ်နှုန်းမှာ ၉၂% ဖြစ်ပါသည်။ ဒီးမော့ဆို မြို့နယ်တရားရုံးတွင် ပြက္ခဒိန်နှစ်အလိုက် ရာဇဝတ်မှု အမှုပြီးနှုန်းမှာ ၈၇% ဖြစ်ပြီး ပြက္ခဒိန်နှစ်အလိုက် တရားမမှု အမှုပြီးပြတ်နှုန်းမှာ ၁၀၀% ဖြစ်ပါသည်။

| တရားရုံးအမည် | အမှုအမျိုးအစား | အခြေခံမျဉ်း% | ၂၀၂၀ပြည့်နှစ် ရလာဒ်များ% |
|---|---|---|---|
| **လွိုင်ကော်ခရိုင်တရားရုံး** | ရာဇဝတ်မှု | 92% | 79% |
| | တရားမမှု | 64% | 80% |
| | စုစုပေါင်း | 78% | 80% |
| **လွိုင်ကော်မြို့နယ်တရားရုံး** | ရာဇဝတ်မှု | 100% | 94% |
| | တရားမမှု | 84% | 92% |
| | စုစုပေါင်း | 92% | 88% |
| **ဒီးမော့ဆိုမြို့နယ်တရားရုံး** | ရာဇဝတ်မှု | 97% | 87% |
| | တရားမမှု | 100% | 100% |
| | စုစုပေါင်း | 99% | 94% |


လှိုင်ကော်ခရိုင်တရားရုံးများ၏ ၂၀၂၀ပြည့်နှစ်၊ ရာဇဝတ်၊တရားမ၊ စုစုပေါင်း အမှုပြီးပြတ်နှုန်း
120%
100%
80%
60%
40%
20%
0%
79%
80%
80%
လှိုင်ကော်ခရိုင်
ရာဇဝတ်မှု
တရားမမှု
စုစုပေါင်း


မြို့နယ်တရားရုံးများ၏ ၂၀၂၀ပြည့်နှစ် ရာဇဝတ်မှု၊ တရားမမှု၊ စုစုပေါင်း အမှုပြီးပြတ်နှုန်း
ရာဇဝတ်မှု
တရားမမှု
စုစုပေါင်း
120%
100%
80%
60%
40%
20%
0%
94%
92%
93%
87%
100%
94%
လှိုင်ကော်မြို့နယ်
ဒီးမော့ဆိုမြို့နယ်

၂၀၂၀ ပြည့်နှစ်အတွက် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းများ၏ စစ်တမ်းကောက်ယူရာ၌ လှိုင်ကော်ခရိုင်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၆% လျော့နည်းခဲ့ကြောင်း ၊ တရားမမှုတွင် အခြေခံမျဉ်းထက် ၁၆% ကျော်လွန်အောင် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၂၀ပြည့်နှစ်အတွက် ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းများ၏ စစ်တမ်းကောက်ယူရာ၌ လှိုင်ကော်မြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၁၃% ၊ တရားမမှုတွင် အခြေခံမျဉ်းထက် ၂% လျော့နည်းအောင် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၂၀ပြည့်နှစ် ဇူလိုင်လ မှ ဒီဇင်ဘာလအထိ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်နှုန်းများ၏ စစ်တမ်းကောက်ယူရာ၌ ဒီးမော့ဆိုမြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၁၀ % လျော့နည်းခဲ့ကြောင်း ၊ တရားမမှုတွင် အခြေခံမျဉ်းအတိုင်း ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

**မှုခင်းစီမံခန့်ခွဲမှုတရားရုံးများ၏ စစ်ဆေးဆဲအမှုများ၏ သက်တမ်း**

၂၀၂၀ ပြည့်နှစ်အတွက် စစ်ဆေးဆဲအမှုများ၏စစ်တမ်း ကောက်ယူရာ၌ လှိုင်ကော်ခရိုင်တရားရုံးသည် စစ်ဆေးဆဲရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၄၀%၊ စစ်ဆေးဆဲတရားမမှုတွင် အခြေခံမျဉ်းအတိုင်းဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါကြောင်း တွေ့ရှိရသည်။

လှိုင်ကော်မြို့နယ်တရားရုံးသည် စစ်ဆေးဆဲရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၃၉% လျော့နည်းခဲ့ပြီး ၊ စစ်ဆေးဆဲတရားမမှုတွင် အခြေခံမျဉ်းအတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

ဒီးမော့ဆိုမြို့နယ်တရားရုံးသည် စစ်ဆေးဆဲရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၈% ကျော်လွန်အောင်ဆောင်ရွက်ခဲ့ကြောင်း၊ စစ်ဆေးဆဲတရားမမှုတွင် အခြေခံမျဉ်းအတိုင်း ဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရပါသည်။

| တရားရုံးအမည် | အမှုအမျိုးအစား | အခြေခံမျဉ်း% | ၂၀၂၀ပြည့်နှစ်အတွက် ရလာဒ်များ% |
|---|---|---|---|
| လှိုင်ကော်ခရိုင် | **ရာဇဝတ်** | 42% | 2% |
| | **တရားမ** | 36% | 0% |
| လှိုင်ကော်မြို့နယ် | **ရာဇဝတ်** | 58% | 19% |
| | **တရားမ** | 19% | 0% |
| ဒီးမော့ဆိုမြို့နယ် | **ရာဇဝတ်** | 1% | 9% |
| | **တရားမ** | 0% | 0% |


ခရိုင်တရားရုံးနှင့်မြို့နယ်တရားရုံးများစစ်ဆေးဆဲရာဇဝတ်မှု
70%
60%
50%
40%
30%
20%
10%
0%
42%
2%
58%
19%
1%
9%
ရာဇဝတ်
လှိုင်ကော်ခရိုင်
ရာဇဝတ်
လှိုင်ကော်မြို့နယ်
ရာဇဝတ်
ဒီးမော့ဆိုမြို့နယ်
အခြေခံမျဉ်း%
၂၀၂၀ပြည့်နှစ်အတွက်ရလာဒ်များ%


ခရိုင်တရားရုံးနှင့်မြို့နယ်တရားရုံးများစစ်ဆေးဆဲတရားမမှု
40%
35%
30%
25%
20%
15%
10%
5%
0%
36%
0%
19%
0%
0%
0%
တရားမ
လှိုင်ကော်ခရိုင်
တရားမ
လှိုင်ကော်မြို့နယ်
တရားမ
ဒီးမော့ဆိုမြို့နယ်
အခြေခံမျဉ်း%
၂၀၂၀ပြည့်နှစ်အတွက်ရလာဒ်များ%

**မှုခင်းစီမံခန့်ခွဲမှုတရားရုံးများ၏ အမှုရုံးချိန်းသေချာစေမှု ( အမှုရွှေ့ဆိုင်းနှုန်း၊ အမှုအလိုက် အမှုကြားနာရန်ချိန်းဆိုသော ပျမ်းမျှရုံးချိန်းအရေအတွက်၊ စံသတ်မှတ်ကာလအတွင်း အမှုများဆုံးဖြတ်နိုင်မှု )**

**အမှုရွှေ့ဆိုင်းနှုန်း**

၂၀၂၀ ပြည့်နှစ်အတွက် အမှုရွှေ့ဆိုင်းနှုန်းစစ်တမ်းကောက်ယူရာ၌ လှိုင်ကော်ခရိုင်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၁၆% ၊ တရားမမှုတွင် အခြေခံမျဉ်း ထက် ၅% ကျော်လွန်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ လှိုင်ကော်မြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၁၅% ကျော်လွန်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ တရားမမှုတွင် အခြေခံမျဉ်း ထက်၂၀% လျော့နည်းအောင် ဆောင်ရွက်ခဲ့ပါကြောင်းနှင့် ဒီးမော့ဆိုမြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင်အခြေခံမျဉ်းထက် ၅% လျော့နည်းခဲ့ပြီး တရားမမှုတွင် အခြေခံမျဉ်းထက် ၁၁% ကျော်လွန်အောင် ဆောင်ရွက်ခဲ့ပါကြောင်းတွေ့ရှိရပါသည်။

| တရားရုံးအမည် | အမှုအမျိုးအစား | အခြေခံမျဉ်း% | ၂၀၂၀ပြည့်နှစ် ရလာဒ်များ% |
|---|---|---|---|
| လှိုင်ကော်ခရိုင် | **ရာဇဝတ်** | 29% | 45% |
| | **တရားမ** | 23% | 28% |
| လှိုင်ကော်မြို့နယ် | **ရာဇဝတ်** | 37% | 52% |
| | **တရားမ** | 60% | 40% |
| ဒီးမော့ဆိုမြို့နယ် | **ရာဇဝတ်** | 46% | 41% |
| | **တရားမ** | 33% | 44% |







**အမှုအလိုက် အမှုကြားနာရန်ချိန်းဆိုသော ပျမ်းမျှရုံးချိန်းအရေအတွက်**

အမှုကြားနာရန်ချိန်းဆိုသော ပျမ်းမျှရုံးချိန်းအရေအတွက်မှာ လှိုင်ကော်ခရိုင်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၈၊ တရားမမှုတွင် အခြေခံမျဉ်းထက် ၆ လျော့နည်းခဲ့ပါကြောင်း၊ လှိုင်ကော်မြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၆ ၊ တရားမမှုတွင် အခြေခံမျဉ်းထက် ၂ လျော့နည်းခဲ့ပါကြောင်းနှင့် ဒီးမော့ဆိုမြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၃ ၊ တရားမမှုတွင် အခြေခံမျဉ်းထက် ၃၂ လျော့နည်းခဲ့ကြောင်းတွေ့ရှိရသည်။

| တရားရုံးအမည် | အမှုအမျိုးအစား | အခြေခံမျဉ်း% | ရလာဒ်များ% |
|---|---|---|---|
| လှိုင်ကော်ခရိုင် | **ရာဇဝတ်** | 17 | 9 |
| | **တရားမ** | 20 | 14 |
| လှိုင်ကော်မြို့နယ် | **ရာဇဝတ်** | 16 | 10 |
| | **တရားမ** | 12 | 10 |
| ဒီးမော့ဆိုမြို့နယ် | **ရာဇဝတ်** | 12 | 9 |
| | **တရားမ** | 40 | 8 |

**စံသတ်မှတ်ကာလအတွင်း အမှုပြီးပြတ်နှုန်း**

စံသတ်မှတ်ကာလအတွင်းအမှုများဆုံးဖြတ်နိုင်မှုအခြေအနေမှာ လှိုင်ကော်ခရိုင် တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၉% ၊တရားမမှုတွင် အခြေခံမျဉ်းထက် ၂၇% လျော့နည်းခဲ့ကြောင်း၊လှိုင်ကော်မြို့နယ်တရားရုံးသည် အခြေခံမျဉ်း ထက် ၁၁% ၊တရားမမှုတွင် အခြေခံမျဉ်းထက် ၁၅% လျော့နည်းခဲ့ကြောင်း ၊ ဒီးမော့ဆို မြို့နယ်တရားရုံးသည် ရာဇဝတ်မှုတွင် အခြေခံမျဉ်းထက် ၃% ၊တရားမမှုတွင် အခြေခံမျဉ်းထက် ၅၀% ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

**ခရိုင်တရားရုံးများ၏ စံသတ်မှတ်ကာလအတွင်း အမှုများဆုံးဖြတ်နိုင်မှုနှုန်း**

| တရားရုံးအမည် | အမှုအမျိုးအစား | သတ်မှတ်ချိန် | ကြန့်ကြာ |
|---|---|---|---|
| လှိုင်ကော်ခရိုင် | **ရာဇဝတ်** | 80% | 20% |
| | **တရားမ** | 69% | 31% |

**မြို့နယ်တရားရုံးများ၏ စံသတ်မှတ်ကာလအတွင်း အမှုများဆုံးဖြတ်နိုင်မှုနှုန်း**

| တရားရုံးအမည် | အမှုအမျိုးအစား | သတ်မှတ်ချိန် | ကြန့်ကြာ |
|---|---|---|---|
| လှိုင်ကော်မြို့နယ် | **ရာဇဝတ်** | **68%** | **32%** |
| ဒီးမော့ဆိုမြို့နယ် | **ရာဇဝတ်** | **87%** | **13%** |
| စုစုပေါင်း | | **78%** | **22%** |

## မြို့နယ်တရားရုံးများ၏ စံသတ်မှတ်ကာလအတွင်း အမှုများဆုံးဖြတ်နိုင်မှုနှုန်း

| တရားရုံးအမည် | အမှုအမျိုးအစား | သတ်မှတ်ချိန် | ကြန့်ကြာ |
|---|---|---|---|
| လှိုင်ကော်မြို့နယ် | **တရားမ** | 85% | 15% |
| ဒီးမော့ဆိုမြို့နယ် | **တရားမ** | 100% | 0% |
| စုစုပေါင်း | | 92% | 8% |












**မှုခင်းစီမံခန့်ခွဲမှု တရားရုံးများ၏ တရားရုံးအသုံးပြုသူများကျေနပ်မှု**

၂၀၂၀ပြည့်နှစ် တရားရုံးအသုံးပြုသူများ၏ စစ်တမ်းအား ကောက်ယူရမည့် အချိန်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက (COVID–19) ရောဂါထိန်းချုပ်၊ ကာကွယ် တားဆီးနိုင်ရေးအတွက် အများပြည်သူများအကျိုးငှာရောဂါထိန်းချုပ်ရေးကာလ အဖြစ်သတ်မှတ်ထား ရှိသောကြောင့် လူစုလူဝေးမဖြစ်စေရန်အတွက် လွိုင်ကော်ခရိုင်တရားရုံး၊ လွိုင်ကော်မြို့နယ်တရားရုံးနှင့် ဒီးမော့ဆိုမြို့နယ်တရားရုံးသို့ လာရောက်သည့် တရားရုံးအသုံးပြုသူများ၏ စစ်တမ်းကောက်ယူခြင်းကို ပြုလုပ်နိုင်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

**ကယားပြည်နယ်အတွင်းရှိမြို့နယ်တရားရုံးများ၏ တရားမမှုများပြီးပြတ်နှုန်း**

**၂၀၂၀ ပြည့်နှစ်၊ဇန်နဝါရီလ(၁)ရက်နေ့မှ ဒီဇင်ဘာလ(၃၁)ရက်နေ့အထိ**

| ခရိုင် | မြို့နယ်တရားရုံး | တရားမမှုလမှု | | |
|---|---|---|---|---|
| | | **လက်ခံ** | **ပြီးပြတ်** | **ပြီးပြတ်မှုနှုန်း%** |
| **လွိုင်ကော်ခရိုင်** | လွိုင်ကော်မြို့နယ် | 36 | 33 | 91.66% |
| | ဒီးမော့ဆိုမြို့နယ် | 2 | 2 | 100% |
| | ဖရူဆိုမြို့နယ် | 1 | 1 | 100% |
| | ရှားတောမြို့နယ် | – | – | – |
| **ဘောလခဲခရိုင်** | ဘောလခဲမြို့နယ် | 3 | 2 | 66.67% |
| | ဖားဆောင်မြို့နယ် | 1 | 1 | 100% |
| | မယ်စဲ့မြို့နယ် | – | – | – |

**ကယားပြည်နယ်အတွင်းရှိမြို့နယ်တရားရုံးများ၏ တရားမမှုများ၏ ပျှမ်းမျှကြန့်ကြာကာလ**

**၂၀၂၀ပြည့်နှစ်၊ဇန်နဝါရီလ(၁)ရက်နေ့မှ ဒီဇင်ဘာလ(၃၁)ရက်နေ့အထိ**

| ခရိုင် | မြို့နယ် | တရားမမှုလမှု | | |
|---|---|---|---|---|
| | | ပြီးပြတ်သည့်အမှုအရေအတွက် | စုစုပေါင်းကြန့်ကြာရက် | ပျှမ်းမျှကြာရက် |
| **လွိုင်ကော်ခရိုင်** | လွိုင်ကော်မြို့နယ် | **33** | **7472** | 226 |
| | ဒီးမော့ဆိုမြို့နယ် | 2 | 162 | 81 |
| | ဖရူဆိုမြို့နယ် | 1 | 66 | 66 |
| | ရှားတောမြို့နယ် | – | – | – |
| **ဘောလခဲခရိုင်** | ဘောလခဲမြို့နယ် | 2 | 174 | 87 |
| | ဖားဆောင်မြို့နယ် | 1 | 12 | 12 |
| | မယ်စဲ့မြို့နယ် | – | – | – |

## ကယားပြည်နယ်အတွင်းရှိမြို့နယ်တရားရုံးများ၏ တရားမမှုများ၏ ပြီးပြတ်ရန်ကြန့်ကြာကာလ
## ၂၀၂၀ပြည့်နှစ်၊ဇန်နဝါရီလ(၁)ရက်နေ့မှ ဒီဇင်ဘာလ(၃၁)ရက်နေ့အထိ

| လွိုင်ကော်မြို့နယ်တရားရုံး၏တရားမမှုလမှုများ ပြီးပြတ်ရက်ကြန့်ကြာရက် | | | | |
|---|---|---|---|---|
| စဉ် | တရားမကြီးအမှုအမှတ် | စွဲဆိုသည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ကြန့်ကြာရက် |
| **1** | 3 / 2019 | 07/01/2019 | 23/07/2020 | 563 |
| **2** | 18 / 2019 | 18/03/2019 | 23/10/2020 | 585 |
| **3** | 24 / 2019 | 05/04/2019 | 17/08/2020 | 500 |
| **4** | 38 / 2019 | 03/07/2019 | 18/11/2020 | 504 |
| **5** | 39/2019 | 04/07/2019 | 25/03/2020 | 265 |
| **6** | 44 / 2019 | 03/09/2019 | 22/05/2020 | 262 |
| **7** | 45 / 2019 | 06/09/2019 | 20/05/2020 | 257 |
| **8** | 48 / 2019 | 23/09/2019 | 22/05/2020 | 242 |
| **9** | 49 / 2019 | 17/10/2019 | 04/11/2020 | 384 |
| **10** | 50 / 2019 | 22/10/2019 | 26/06/2020 | 248 |
| **11** | 51 / 2019 | 24/10/2019 | 08/09/2020 | 320 |
| **12** | 52 / 2019 | 24/10/2019 | 08/09/2020 | 320 |
| **13** | 53 / 2019 | 24/10/2019 | 08/09/2020 | 320 |
| **14** | 54 / 2019 | 24/10/2019 | 08/09/2020 | 320 |
| **15** | 57 / 2019 | 24/10/2019 | 08/09/2020 | 320 |
| **16** | 61 / 2019 | 14/11/2019 | 05/08/2020 | 265 |
| **17** | 62 / 2019 | 18/11/2019 | 17/06/2020 | 212 |
| **18** | 63 / 2019 | 26/11/2019 | 23/06/2020 | 210 |
| **19** | 67 / 2019 | 13/12/2019 | 24/01/2020 | 42 |
| **20** | 1 /2020 | 08/01/2020 | 19/05/2020 | 132 |
| **21** | 2 / 2020 | 23/01/2020 | 08/12/2020 | 320 |
| **22** | 5 / 2020 | 03/03/2020 | 05/06/2020 | 94 |
| **23** | 7 / 2020 | 31/03/2020 | 12/05/2020 | 42 |
| **24** | 8 / 2020 | 02/04/2020 | 11/05/2020 | 39 |
| **25** | 9 / 2020 | 05/05/2020 | 21/12/2020 | 230 |
| **26** | 12 / 2020 | 27/05/2020 | 29/06/2020 | 33 |
| **27** | 14 / 2020 | 02/06/2020 | 27/07/2020 | 55 |
| **28** | 18 / 2020 | 24/07/2020 | 10/08/2020 | 17 |
| **29** | 20 / 2020 | 07/08/2020 | 15/12/2020 | 130 |
| **30** | 21 / 2020 | 25/08/2020 | 17/12/2020 | 114 |
| **31** | 26 / 2020 | 21/08/2020 | 24/12/2020 | 64 |
| **32** | 32 / 2020 | 03/11/2020 | 01/12/2020 | 28 |
| **33** | 34 / 2020 | 16/11/2020 | 21/12/2020 | 35 |

| ဒီးမော့ဆိုမြို့နယ်တရားရုံး၏တရားမမှုလမှုများ ပြီးပြတ်ရက်ကြန့်ကြာရက် | | | | |
|---|---|---|---|---|
| စဉ် | တရားမကြီးအမှုအမှတ် | စွဲဆိုသည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ကြန့်ကြာရက် |
| **1** | 1 / 2020 | 14/05/2020 | 27/08/2020 | 105 |
| **2** | 2 / 2020 | 22/10/2020 | 18/12/2020 | 57 |

| ဖရူဆိုမြို့နယ်တရားရုံး၏တရားမမှုလမှုများ ပြီးပြတ်ရက်ကြန့်ကြာရက် | | | | |
|---|---|---|---|---|
| စဉ် | တရားမကြီးအမှုအမှတ် | စွဲဆိုသည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ကြန့်ကြာရက် |
| **1** | 1 / 2020 | 04/08/2020 | 09/10/2020 | 66 |

| ဘောလခဲမြို့နယ်တရားရုံး၏တရားမမှုလမှုများ ပြီးပြတ်ရက်ကြန့်ကြာရက် | | | | |
|---|---|---|---|---|
| စဉ် | တရားမကြီးအမှုအမှတ် | စွဲဆိုသည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ကြန့်ကြာရက် |
| **1** | 1 / 2020 | 16/03/2020 | 10/08/2020 | 147 |
| **2** | 2 / 2020 | 19/06/2020 | 16/07/2020 | 27 |

| ဖားဆောင်းမြို့နယ်တရားရုံး၏တရားမမှုလမှုများ ပြီးပြတ်ရက်ကြန့်ကြာရက် | | | | |
|---|---|---|---|---|
| စဉ် | တရားမကြီးအမှုအမှတ် | စွဲဆိုသည့်နေ့ | ဆုံးဖြတ်သည့်နေ့ | ကြန့်ကြာရက် |
| **1** | 1 / 2020 | 02/07/2020 | 13/07/2020 | 12 |

## အခြားကြိုးပမ်းဆောင်ရွက်မှုများ

### ရုံးခွန်နှင့်ဒဏ်ငွေကောက်ခံရရှိမှု

### ရုံးခွန်

ကယားပြည်နယ်တရားလွှတ်တော်နှင့် ပြည်နယ်အတွင်းရှိ လက်အောက်ခံတရားရုံး အဆင့်ဆင့်၌ စွဲဆိုသောအမှုများတွင် ရုံးခွန်တော်ဥပဒေအရ ရုံးခွန်တံဆိပ်ခေါင်းများကို အမှုသည်များမှလည်းကောင်း၊ ရှေ့နေရှေ့ရပ်ကိစ္စများတွင် ရှေ့နေများနှင့် သက်ဆိုင်သူများမှလည်းကောင်း ထမ်းဆောင်ရပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ရုံးခွန်တံဆိပ်ခေါင်းများ ထမ်းဆောင်ရရှိငွေမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

| စဉ် | တရားရုံးများ | ရုံးခွန်ရရှိငွေ | |
|---|---|---|---|
| | | ကျပ် | ပြား |
| ၁။ | ပြည်နယ်တရားလွှတ်တော် | ၅၁၁၄၀၀ | |
| ၂။ | လွိုင်ကော်ခရိုင်တရားရုံး | ၆၂၄၀၀၆၉ | ၈၈ |
| ၃။ | ဘောလခဲခရိုင်တရားရုံး | ၅၀၀၀၀၀ | |
| ၄။ | လွိုင်ကော်မြို့နယ်တရားရုံး | ၅၀၃၆၀၀ | |
| ၅။ | ဒီးမော့ဆိုမြို့နယ်တရားရုံး | ၂၀၀၀ | |
| ၆။ | ဖရူဆိုမြို့နယ်တရားရုံး | - | |
| ၇။ | ရှားတောမြို့နယ်တရားရုံး | - | |
| ၈။ | ဘောလခဲမြို့နယ်တရားရုံး | ၃၀၀၀ | |
| ၉။ | ဖားဆောင်းမြို့နယ်တရားရုံး | ၂၀၂၅၀ | |
| ၁၀။ | မယ်စဲ့မြို့နယ်တရားရုံး | - | |
| | စုစုပေါင်း | ၇၇၈၀၃၁၉ | ၈၈ |

**ဒဏ်ငွေ**

ပြည်ထောင်စု၏ အရအသုံးဆိုင်ရာ ဥပဒေအရ တရားရုံးများမှ ကောက်ခံရရှိသော ဒဏ်ငွေများကို ပြည်နယ်တရားလွှတ်တော်၏ ရငွေများအဖြစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပါသည်။ ၂၀၂၀ပြည့်နှစ်အတွင်း ကယားပြည်နယ်တရားလွှတ်တော်အတွင်းရှိခရိုင်နှင့် မြို့နယ်တရားရုံးများမှ ကောက်ခံရရှိသည့် **ဒဏ်ငွေစုစုပေါင်း ( ၃၁၄၀၉၇၀၀ /- )** ရရှိပါသည်။

| စဉ် | ရုံးအမည် | ယစ်မျိုးမှုမှရငွေ | အခြားရာဇဝတ်မှုမှရငွေ | မော်တော်ယာဉ်မှုမှရငွေ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ပြည်နယ်တရားလွှတ်တော် | - | - | - | |
| ၂။ | လွိုင်ကော်ခရိုင် | - | - | - | |
| ၃။ | ဘောလခဲခရိုင် | - | - | - | |
| ၄။ | လွိုင်ကော်မြို့နယ် | - | ၅၂၁၄၅၀၀ | ၇၀၁၀၀၀၀ | |
| ၅။ | ဒီးမော့ဆိုမြို့နယ် | - | ၁၆၁၀၁၅၀ | ၆၀၀၀၀ | |
| ၆။ | ဖရူဆိုမြို့နယ် | - | ၁၆၅၀၀၅၀ | - | |
| ၇။ | ရှားတောမြို့နယ် | - | ၅၂၀၀၀၀ | - | |
| ၈။ | ဘောလခဲမြို့နယ် | ၁၀၀၀၀၀ | ၄၇၀၀၀၀၀ | - | |
| ၉။ | ဖားဆောင်းမြို့နယ် | ၁၀၀၀၀၀ | ၁၈၆၅၀၀၀ | - | |
| ၁၀။ | မယ်စဲ့မြို့နယ် | ၃၀၀၀၀၀ | ၈၂၅၀၀၀၀ | ၃၀၀၀၀ | |
| | **စုစုပေါင်း** | **၅၀၀၀၀၀** | **၂၃၈၀၉၇၀၀** | **၇၁၀၀၀၀၀** | |



## လူ့စွမ်းအားအရင်းအမြစ်

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ( ၃၁ ) ရက်နေ့တွင် ပြည်နယ်တရားလွှတ်တော်နှင့်တရားရုံး အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်သော တရားရေးအရာရှိ ( ၁၅ ) ဦးနှင့် ရုံးဝန်ထမ်း ( ၆၈ ) ဦး ရှိပါသည်။ ပြည်နယ်တရားလွှတ်တော်အပါအဝင် တရားရုံးအဆင့်ဆင့်ရှိ အမှုထမ်းခွင့်ပြုအင်အား စုစုပေါင်း (၁၄၉) ဦးရှိသော်လည်း ( ၈၁ ) ဦးလစ်လပ်လျက်ရှိသဖြင့် လက်ရှိတွင်အမှုထမ်း ( ၆၈ ) ဦးဖြင့် ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

### ပြည်နယ်တရားလွှတ်တော် နှင့် တရားရုံးအဆင့်ဆင့်ရှိ တရားရေးအရာရှိများ တရားသူကြီး များနှင့် ရုံးဝန်ထမ်းများ၏ ရာထူးအလိုက် အင်အားစာရင်း

| စဉ် | ရာထူးအမည် | လစာနှုန်း | ခွင့်ပြု | လက်ရှိ | | | လစ်လပ် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ညွှန်ကြားရေးမှူး | ၃၇၄၀၀၀-၄၀၀၀-၃၉၄၀၀၀ | ၁ | - | ၁ | ၁ | - |
| ၂ | တရားရေးဝန်ထမ်းအဆင့် (၁) | ၃၄၁၀၀၀-၄၀၀၀-၃၆၁၀၀၀ | ၅ | ၁ | ၁ | ၂ | ၃ |
| ၃ | တရားရေးဝန်ထမ်းအဆင့် (၂) | ၃၀၈၀၀၀-၄၀၀၀-၃၂၈၀၀၀ | ၇ | ၂ | - | ၂ | ၅ |
| ၄ | တရားရေးဝန်ထမ်းအဆင့် (၃) | ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ | ၁၇ | ၂ | ၃ | ၅ | ၁၂ |
| ၅ | တရားရေးဝန်ထမ်းအဆင့် (၄) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၁၂ | ၄ | ၁ | ၅ | ၇ |
| | **အရာထမ်းစုစုပေါင်း** | | **၄၂** | **၉** | **၆** | **၁၅** | **၂၇** |
| ၆ | ရုံးအုပ် | ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀ | ၂ | - | ၂ | ၂ | - |
| ၇ | ဌာနခွဲစာရေး | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၅ | - | ၅ | ၅ | - |
| ၈ | အကြီးတန်းစာရေး | ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ | ၃၁ | ၂ | ၁၆ | ၁၈ | ၁၃ |
| ၉ | အကြီးတန်းလက်နှိပ်စက် | ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ | ၄ | ၁ | ၃ | ၄ | - |
| ၁၀ | လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ | ၄ | - | - | - | ၄ |
| ၁၁ | ယာဉ်မောင်း - ၃ | ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ | ၁ | - | - | - | ၁ |
| ၁၂ | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂၇ | ၂ | ၈ | ၁၀ | ၁၇ |
| ၁၃ | အငယ်တန်းလက်နှိပ်စက် | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂၃ | ၁ | ၉ | ၁၀ | ၁၃ |
| ၁၄ | ယာဉ်မောင်း - ၅ | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၄ | ၂ | - | ၂ | ၂ |
| ၁၅ | စာတွဲချုပ် | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၁ | - | ၁ | ၁ | - |
| ၁၆ | ရုံးအကူ | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၂၀ | - | ၃ | ၃ | ၁၇ |
| ၁၇ | ရုံးအကူ / စာပို့ | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၁၅ | ၅ | ၁ | ၆ | ၉ |
| ၁၈ | ရုံးစောင့် | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၁၀ | ၇ | - | ၇ | ၃ |
| ၁၉ | သန့်ရှင်းရေး | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၂ | - | - | - | ၂ |
| | **အမှုထမ်းစုစုပေါင်း** | | **၁၄၉** | **၂၀** | **၄၈** | **၆၈** | **၈၁** |
| | **စုစုပေါင်း** | | **၁၉၁** | **၂၉** | **၅၄** | **၈၃** | **၁၀၈** |

ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်တရားရုံးမှ ရုံးစောင့်ဦးစောသိန်းအား ကယားပြည်နယ်တရားရေးဦးစီးမှူးရုံး၏ ( ၃၀ – ၄ – ၂၀၂၀ ) ရက်စွဲပါ အမိန့်အမှတ် – ၃၄ / ၂၀၂၀ အရ (၁၀–၉–၂၀၂၀ ) ရက်နေ့ နံနက်ပိုင်း မှစ၍ လည်းကောင်း၊ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်တရားရုံးမှ အကြီးတန်းစာရေး ဦးသန်းစိုးအား ကယားပြည်နယ်တရားရေးဦးစီးမှူးရုံး၏ ( ၈ – ၇ – ၂၀၂၀ ) ရက်စွဲပါ အမိန့်အမှတ် – ၄၅ / ၂၀၂၀ အရ ( ၂၆ – ၁၁ – ၂၀၂၀ ) ရက်နေ့ နံနက်ပိုင်းမှစ၍ လည်းကောင်း နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ ၊ နည်းဥပဒေခွဲ (က) အရသက်ပြည့်အငြိမ်းစားခံစားခွင့်ပြုခဲ့ပါသည်။

## ကယားပြည်နယ်တရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်ရှိရာထူးအဆင့်အလိုက် ပြုန်းတီးဝန်ထမ်းအင်အားစာရင်း

**၁.၁.၂၀၂၀ မှ ၃၁.၁၂.၂၀၂၀ ထိ**

| စဉ် | ရာထူး | ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်း | | ပင်စင် | | နှုတ်ထွက် | | သေဆုံး | |
|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ |
| ၁ | ရုံးအုပ် | – | – | – | – | – | – | – | – |
| ၂ | ဌာနခွဲစာရေး | – | – | – | – | – | – | – | – |
| ၃ | အကြီးတန်းစာရေး | – | – | ၁ | – | – | – | – | – |
| ၄ | အကြီးတန်းလက်နှိပ်စက်စာရေး | – | – | – | – | – | – | – | – |
| ၅ | လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး | – | – | – | – | – | – | – | – |
| ၆ | ယာဉ်မောင်း-၃ | – | – | – | – | – | – | – | – |
| ၇ | အငယ်တန်းစာရေး | – | – | – | – | – | – | – | – |
| ၈ | အငယ်တန်းလက်နှိပ်စက်စာရေး | – | – | – | – | – | – | – | – |
| ၉ | ယာဉ်မောင်း-၅ | – | – | – | – | – | – | – | – |
| ၁၀ | စာတွဲချုပ် | – | – | – | – | – | – | – | – |
| ၁၁ | ရုံးအကူ | – | – | – | – | – | – | – | – |
| ၁၂ | ရုံးအကူ/စာပို့ | – | – | – | – | – | – | – | – |
| ၁၃ | ရုံးစောင့် | – | – | ၁ | – | – | – | – | – |
| ၁၄ | သန့်ရှင်းရေး | – | – | – | – | – | – | – | – |
| | စုစုပေါင်း | – | – | ၂ | – | – | – | – | – |

## တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ခိုင်မာရေးအတွက် အဆင့်ဆင့်ကြီးကြပ်ခြင်း



## တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ခိုင်မာရေးအတွက်ဆောင်ရွက်ချက်များ

ကယားပြည်နယ်တရားလွှတ်တော်သည် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် ပွင့်လင်းမြင်သာပြီး အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ပြည်နယ်အတွင်းရှိ တရားရုံးအဆင့်ဆင့်အား ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများသည် မိမိတို့အား တာဝန်ပေးအပ်သည့် ခရိုင် နှင့် မြို့နယ် တရားရုံးများကို စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိကြပါသည်။

## လေ့ကျင့်သင်ကြားပေးမှုနှင့်ဖွံ့ဖြိုးတိုးတက်မှု

တရားသူကြီးများ၏ အရည်အသွေးပြည့်ဝမှုသည် ပြည်သူအများ ယုံကြည်အားထားရသော တရားစီရင်ရေးစနစ်ဖြစ်ပေါ်လာရေးတွင် အဓိကဖြစ်သည့်အတွက် တရားသူကြီးနှင့် တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်ရေးတို့အတွက် စဉ်ဆက်မပြတ် အားထုတ်ဆောင်ရွက်လျက်ရှိပါသည်။

တရားစီရင်ရေးဆိုင်ရာစွမ်းဆောင်ရည်တိုးတက်ရေးအတွက် ပြည်နယ်တရားလွှတ်တော်တွင် ၂၀၂၀ ပြည့်နှစ်အတွင်း တရားရုံးဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာအရည်အသွေးမြှင့် သင်တန်း (၁/၂၀၂၀)ကို ဖွင့်လှစ်ခဲ့ပါသည်။




တရားရုံးဝန်ထမ်းများ
ရုံးလုပ်ငန်းဆိုင်ရာ
အရည်အသွေးမြှင့်
သင်တန်း ( ၁/ ၂၀၂၀)

## အများပြည်သူအတွက် တရားရုံးများလက်လှမ်းမီရေးနှင့် အသိအမြင် မြှင့်တင်ရေးဆောင်ရွက်ခြင်း

ကယားပြည်နယ်တရားလွှတ်တော် လူမှုကွန်ယက်စာမျက်နှာ ( Facebook Page ) တွင် တရားရုံးဆိုင်ရာ သတင်းအချက်အလက်များ၊ ကယားပြည်နယ်တရားလွှတ်တော်၏ ကြိုတင်အမှုခေါ်စာရင်းများ၊ စီရင်ချက်ချမှတ်သည့် အမှုစာရင်းများအား ကြေညာခဲ့ပါသည်။

ကယားပြည်နယ်တရားလွှတ်တော် **Website** ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အစီအစဉ်ဖြင့် ( ၁-၁၂-၂၀၂၀ ) ရက်နေ့မှစတင်၍ လွှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ **Website** တွင် ကယားပြည်နယ်တရားလွှတ်တော်၏ ကြိုတင်အမှုခေါ်စာရင်းများ၊သတင်းများ၊ အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ပေးလျက်ရှိပါသည်။ ကယားပြည်နယ်အတွင်းရှိ တရားရုံးများ၏ လမ်းညွှန်လိပ်စာများ၊ ဒေသန္တရဥပဒေများနှင့် ကယားပြည်နယ်တရားလွှတ်တော် တရားရုံး နှစ်စဉ်အစီရင်ခံစာများကို ဖော်ပြထားရှိပါသည်။

တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်များကိုထုတ်ပြန်နိုင်ရန် ကယားပြည်နယ်တရားလွှတ်တော်တွင် သတင်းပြန်ကြားရေးအဖွဲ့ ဖွဲ့စည်း၍ ( Public Information Officer ) သတင်းပြန်ကြားရေးအရာရှိခန့်အပ်ထားပြီးဖြစ်ပါသည်။ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများတွင်လည်း လူထုအသိအမြင် တိုးတက်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိရေးတို့အတွက် ( Court Information Officer ) သတင်းပြန်ကြားရေးအရာရှိများ ခန့်အပ်ထားပြီးဖြစ်ပါသည်။

တရားရုံးများသည် နိုင်ငံသားတို့၏ အခွင့်အရေးကာကွယ်ရန်နှင့် တရားဥပဒေစိုးမိုးရေးကိုထိန်းသိမ်း စောင့်ရှောက်ရန်အတွက် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ သို့အတွက် ပြည်သူများလုံခြုံစိတ်ချမှုရှိစေရန်၊ တရားရုံးအသုံးပြုသူများ လွယ်ကူစွာအသုံးပြုနိုင်ရန်နှင့် တရားမျှတမှုကို အဟန့်အတားမဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။

## ဥပဒေအသစ်များနှင့် ပြင်ဆင်သည့် ဥပဒေများရေးဆွဲဆောင်ရွက်ခြင်း

ကယားပြည်နယ်လွှတ်တော်က ပထမအကြိမ်လွှတ်တော်သက်တမ်းနှင့်ဒုတိယအကြိမ်လွှတ်တော်သက်တမ်း၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအထိ ကာလအတွင်းအောက်ပါ ဥပဒေ၊ နည်းဥပဒေများကိုထုတ်ပြန်ခဲ့ပါသည်-

(က) ၂၀၁၃ ခုနှစ်၊ ကယားပြည်နယ်၊ စည်ပင်သာယာရေးအဖွဲ့များဥပဒေ၊
( ခ ) ၂၀၁၃ ခုနှစ်၊ မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေ၊
( ဂ ) ၂၀၁၃ ခုနှစ်၊ ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲခြင်းဆိုင်ရာဥပဒေ၊
(ဃ) ၂၀၁၃ ခုနှစ်၊ ကျေးရွာထင်းစိုက်ခင်းဥပဒေ၊
( င ) ၂၀၁၄ ခုနှစ်၊ သဘာဝမြေသြဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေးဥပဒေ၊
( စ ) ၂၀၁၄ ခုနှစ်၊ ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ၊

(ဆ) ၂၀၁၄ ခုနှစ်၊ ရေချိုငါးလုပ်ငန်းဥပဒေ၊

( ဇ ) ၂၀၁၄ ခုနှစ်၊ အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာဥပဒေ၊

( ဈ ) ၂၀၁၄ ခုနှစ်၊ လွှတ်တော်ဆိုင်ရာနည်းဥပဒေ၊

(ည) ၂၀၁၆ ခုနှစ်၊ ယစ်မျိုးခွန်ဥပဒေ၊

( ဋ ) ၂၀၁၆ ခုနှစ်၊ လွှတ်တော်လက်စွဲ၊

( ဌ ) ၂၀၁၇ ခုနှစ်၊ ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲခြင်းဆိုင်ရာဥပဒေ၊

( ဍ ) ၂၀၁၇ ခုနှစ်၊ ပြတိုက်နှင့်စာကြည့်တိုက်များဥပဒေ၊

( ဎ ) ၂၀၁၇ ခုနှစ်၊ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာဥပဒေ၊

(ဏ) ၂၀၁၈ ခုနှစ်၊ ကယားပြည်နယ်မြေယာခွန်ဥပဒေ ၊

(တ) ၂၀၁၉ ခုနှစ်၊ ကယားပြည်နယ်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ

**ပြစ်ဒဏ်ကျခံရသူများ၊ အချုပ်ခံနေရသူများ၏ ဥပဒေဆိုင်ရာအခွင့်အရေးများ ရရှိရေးအတွက်ဆောင်ရွက်ခြင်း**

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၇၊ ၆၈ နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ( ၉-၁၀-၂၀၁၃ ) ရက်စွဲပါ ညွှန်ကြားချက်အမှတ် ( ၅ / ၂၀၁၃ ) တို့နှင့်အညီ ပြစ်ဒဏ်ကျခံရသူများ၊ အချုပ်ခံနေရသူများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးနှင့်အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးအပြင် " **အကျဉ်းသား / အကျဉ်းသူများ၊ အချုပ်သားများ၏ နေရာထိုင်ခင်းသက်သာချောင်ချိမှု ရှိ မရှိ၊ သန့်ရှင်းမှု ရှိ မရှိ၊ အာဟာရ သင့်တင့်မျှတမှု ရှိ မရှိ၊ ကျန်းမာရေးပြည့်စုံမှု ရှိ မရှိ၊ ဆေးကုသရန်အခွင့်အရေး ရှိ မရှိ၊ အမျိုးသမီးအကျဉ်းသူများအား အကာအရံ လုံခြုံစွာ ထားရှိခြင်း ရှိ မရှိ စသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ မရှိစေရေး "** တို့အတွက် ကြည့်ရှုစစ်ဆေးမှုများပြုလုပ်ခဲ့ပါသည်။ ထို့ပြင်အကျဉ်းသားများ နှင့် အချုပ်သားများအတွက် လိုအပ်ချက်များအပေါ် သက်ဆိုင်ရာဌာန တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်အတွင်း ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က လွိုင်ကော်မြို့အကျဉ်းထောင်အား ( ၂ ) ကြိမ်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးနှစ်ဦးတို့ကလည်း ပြည်နယ်အတွင်းရှိ ရဲတပ်ဖွဲ့အချုပ်စခန်း ( ၄ ) ခုတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြပါသည်။ ထို့ပြင် လွိုင်ကော်ခရိုင်တရားသူကြီးနှင့်ဘောလခဲခရိုင်တရားသူကြီးတို့ကလည်း ၎င်းတို့၏ ခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့အချုပ်စခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြပါသည်။

**ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်  လွိုင်ကော်အကျဉ်းထောင်အား**
**(၁၆-၆-၂၀၂၀) ရက်နေ့နှင့်  ( ၁၈–၁၂–၂၀၂၀ ) ရက်နေ့ များတွင် ကြည့်ရှုစစ်ဆေးစဉ်**









ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီးဒေါ်သန်းသန်းအေး
ဒီးမော့ဆိုမြို့မရဲတပ်ဖွဲ့ အချုပ်စခန်းအား
(၁၁-၆-၂၀၂၀) ရက်နေ့နှင့်   ( ၂၁-၁၂-၂၀၂၀ ) ရက်နေ့ များတွင် ကြည့်ရှုစစ်ဆေးစဉ်





ကယားပြည်နယ်တရားလွှတ်တော်တရားသူကြီး ဒေါ်စဝ်ဥမ္မာကြည်မှ
ဖရူဆိုမြို့မရဲတပ်ဖွဲ့အချုပ်စခန်းအား
(၁၁-၆-၂၀၂၀) ရက်နေ့နှင့်   ( ၂၃-၁၂-၂၀၂၀ ) ရက်နေ့ များတွင် ကြည့်ရှုစစ်ဆေးစဉ်





## တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ( ၂၀၁၈ – ၂၀၂၂ ) ခုနှစ်

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ( ၂၀၁၈ – ၂၀၂၂ ) သည် ( ၅ ) နှစ်တာကာလအတွင်း မဟာဗျူဟာလုပ်ငန်းနယ်ပယ် ( ၅ ) ရပ်သတ်မှတ်ပြီး နယ်ပယ်တစ်ခုချင်းစီအလိုက် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးဖြစ်သည်။ ယင်းသို့ နယ်ပယ် ( ၅ ) ရပ်တွင် ဆောင်ရွက်မည့် မဟာဗျူဟာ ရည်မှန်းချက် ၁၆ ရပ်၊ အစီအစဉ် ၃၉ ရပ်တို့ကို တိတိကျကျ သတ်မှတ်၍ မဟာဗျူဟာအစီအစဉ်များ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဦးစားပေးအဆင့် ( ၃ ) ဆင့်ခွဲခြား ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၀ ပြည့်နှစ်သည် မဟာဗျူဟာလုပ်ငန်းအစီအစဉ်၏ တတိယနှစ်ဖြစ်ပြီး ကယားပြည်နယ်တရားလွှတ်တော်အနေဖြင့် ( တတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် ၂၀၂၀ ) ကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

### တတိယနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် ( ၂၀၂၀ ) အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ နှင့်ရလဒ်များ

မဟာဗျူဟာလုပ်ငန်းနယ်ပယ်( ၁ )၊တရားရုံးများဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေးဆောင်ရွက်ပေးရန်

ကယားပြည်နယ်တရားလွှတ်တော် လက်အောက်ရှိလွိုင်ကော်ခရိုင်တရားရုံး နှင့် လွိုင်ကော်မြို့နယ်တရားရုံးတို့တွင် ( ၁–၈–၂၀၁၈ ) ရက်နေ့မှစ၍ CMP ရုံးများအဖြစ်စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

- လွိုင်ကော်ခရိုင်တရားရုံး နှင့် လွိုင်ကော်မြို့နယ်တရားရုံးများတွင် သတင်းအချက်အလက်ကောင်တာများ နှင့် အမှုလက်ခံဌာနများကို တည်ထောင်ထားရှိပါသည်။



လွိုင်ကော်ခရိုင်တရားရုံး



လွိုင်ကော်မြို့နယ်တရားရုံး

ကယားပြည်နယ်တရားလွှတ်တော် လက်အောက်ရှိ ဒီးမော့ဆိုမြို့နယ်တရားရုံးတွင်(၁-၇-၂၀၂၀ ) ရက်နေ့မှစ၍ CMP ရုံးများအဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ဒီးမော့ဆိုမြို့နယ်တရားရုံးတွင် သတင်းအချက်အလက်ကောင်တာနှင့်အမှုလက်ခံဌာနကို တည်ထောင်ထားရှိပါသည်။







ကယားပြည်နယ်တရားလွှတ်တော်လက်အောက်ရှိ ဘောလခဲခရိုင်တရားရုံး၊ ဘောလခဲမြို့နယ်တရားရုံး၊ ဖားဆောင်းမြို့နယ်တရားရုံး၊ မယ်စဲ့မြို့နယ်တရားရုံး၊ ဖရူဆိုမြို့နယ်တရားရုံးနှင့် ရှားတောမြို့နယ်တရားရုံးများတွင် ( ၁-၁-၂၀၂၁ ) ရက်နေ့မှစ၍ CMP ရုံးများအဖြစ်စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများတွင်သတင်းအချက်အလက်ကောင်တာနှင့် အမှုလက်ခံဌာနကို တည်ထောင်ထားရှိပါသည်။





## မဟာဗျူဟာလုပ်ငန်းနယ်ပယ်(၂)၊

## အများပြည်သူ၏အသိအမြင်ကိုမြှင့်တင်ပေးရန်

ကယားပြည်နယ်တရားလွှတ်တော်၊ ခရိုင်တရားရုံး များ၊ မြို့နယ်တရားရုံးများ၏ တရားစီရင်ရေးကဏ္ဍ၏ ဆောင်ရွက်ချက်များအပေါ် တိကျမှန်ကန်သော သတင်းအချက်အလက်များကို မီဒီယာများမှတစ်ဆင့် အများပြည်သူ သိရှိအောင် တရားရုံးအသီးသီး၏ Facebook Page များတွင်ဖော်ပြခြင်း၊ တရားရုံးသို့လာရောက်သူများအား တရားစီရင်ရေးနှင့် စပ်လျဉ်းသည့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တရားရုံးသို့ လာရောက်လေ့လာသူများအား အသိပညာပေး ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ထားရှိပါသည်။









## မဟာဗျူဟာလုပ်ငန်းနယ်ပယ်(၃)၊
## တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ရန်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် UNICEF တို့ပူးပေါင်း၍ (၁၀-၆-၂၀၂၀) နေ့ကျင်းပပြုလုပ်သည့် COVID-19 ကာလအတွင်း ကလေးသူငယ်တရားစီရင်ရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲသို့ လွိုင်ကော်မြို့နယ်တရားသူကြီးအားလည်းကောင်း၊ (၂၅-၁၀-၂၀၂၀) နေ့တွင်ကျင်းပပြုလုပ်သည့် Review Session of Roll-out Training on Judicial Code of Ethics and Accountability ဆွေးနွေးပွဲသို့ လွိုင်ကော်ခရိုင်တရားသူကြီးအားလည်းကောင်း တတ်ရောက်စေခဲ့ပါသည်။

## မဟာဗျူဟာလုပ်ငန်းနယ်ပယ်-၄ ၊
## တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်

တရားရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ပြည့်ဝစေရန် အရည်အသွေးမြှင့်သင်တန်း ( ၁/ ၂၀၂၀ ) ဖွင့်လှစ်ပို့ချခဲ့ပါသည်။






## မဟာဗျူဟာလုပ်ငန်းနယ်ပယ်. ၅၊
## ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သောအထူးမှုခင်း ကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်

CMP အရသတ်မှတ်ထားသော တရားရုံးတည်ရှိရာ ဒေသများတွင်အများပြည်သူနှင့်အဓိက အကျိုးသက်ဆိုင်သူများကိုမှုခင်းစီမံခန့်ခွဲမှုသဘောတရားများအသိပညာပေးခြင်းများကို ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ရှင်းလင်းဆွေးနွေးပွဲများကျင်းပပြုလုပ်ခဲ့ပြီး တရားရုံး အသီးသီး၏ အများပြည်သူ မြင်သာသော နေရာများတွင် CMP နှင့် စပ်လျဉ်းသည့် ကြော်ငြာစာများချိတ်ဆွဲထားခြင်း၊ တရားရုံးသို့လာရောက်သူများအား CMP လက်ကမ်း စာစောင်များ ဖြန့်ဝေပေးခြင်း များစီစဉ်ဆောင်ရွက်ထားရှိပါသည်။










မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်အရ အခြေခံကွန်ပျူတာသင်တန်း၊ မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်နှင့် မှုခင်းခြေရာကောက်စနစ်သင်တန်း၊ တရားရုံးစစ်တမ်းများ ကောက်ယူခြင်း သင်တန်းများကို ဖွင့်လှစ်ခဲ့ပြီး သက်ဆိုင်ရာတရားသူကြီးများနှင့် တရားရုံး ဝန်ထမ်းများ တက်ရောက်စေခဲ့ပါသည်။

**မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်သင်တန်း**
**( ၂၅-၁-၂၀၂၀ ) မှ (၂၆-၁-၂၀၂၀ )**



**မှုခင်းခြေရာကောက်စနစ်သင်တန်း**
**( ၆-၆-၂၀၂၀ ) မှ (၇-၆-၂၀၂၀ ) ထိ**



**တရားရုံးစစ်တမ်းများ**
**ကောက်ယူခြင်းသင်တန်း**
**( ၁၆-၅-၂၀၂၀ ) မှ (၁၇-၅-၂၀၂၀**



**တရားရုံးစစ်တမ်းများ**
**ကောက်ယူခြင်းသင်တန်း**
**( ၂၁-၁၁-၂၀၂၀ ) မှ (၂၂-၁၁-၂၀၂၀**



## ကျေးဇူးတင်လွှာ

ဤနှစ်စဉ် အစီရင်ခံစာပြုစုရေးအတွက် တရားရုံးနှစ်စဉ်အစီရင်ခံစာ ပြုစုရေးအဖွဲ့နှင့် နှစ်စဉ် အစီရင်ခံစာထုတ်ဝေရေးအတွက် ဆောင်ရွက်ပေးခဲ့သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**၂၀၂၀ ပြည့်နှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာအတွက် ဆက်သွယ်ရန်**

တရားရုံးနှစ်စဉ်အစီရင်ခံစာ ပြုစုရေးလုပ်ငန်းအဖွဲ့

အီးမေးလ် Kayahighcourt@gmail.com

ယားပြည်နယ်တရားလွှတ်တော်

လွိုင်ကော်မြို့

CONTACT FOR 2020 ANNUAL REPORT

Annual Court Reporting team

Email; Kayahighcourt@gmail.com

HIGH COURT OF THE KAYAH STATE

Loikaw Township